
MOT- 003
2000

# တို့မြန်မာတွေ အာရှကျားဖြစ်ဝေဖို့

အပါအဝင်

## ဗီတာမင်ဆောင်းပါးများ

လင်းသိုက်ညွန့် (မြန်မာ့မြေ)



ဒုတိယအကြိမ်

Second Edition

GRAPHIC DESIGN : NAING NAING

လင်းသိုက်ညွန့် (မြန်မာ့မြေ) တို့မြန်မာတွေ အာရှကျားဖြစ်ဝေဖို့ အပါအဝင် ဗီတာမင်ဆောင်းပါးများ


မြန်မာ့မြေစာပေ

တို့မြန်မာတွေ အာရှကျားဖြစ်ဝေဖို့

အပါအဝင်

ဗီတာမင်ဆောင်းပါးများ

လင်းသိုက်ညွန့် (မြန်မာ့မြေ)



www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes

Second Edition

# Lynn Thaik Nyunt's

# Facebook Fan Page

**Fan Page Name - Lynn Thaik Nyunt (Myanmar's Land)**





You Can
Join now!

Lets
Go
To
Learning
Society!

**Fan Club Member** များအားလုံးနှင့် **လင်းသိုက်ညွန့်(မြန်မာ့မြေ)**၏ ပရိသတ်အားလုံးအား **Facebook Fan Page** မှ လိုက်လှဲစွာ ဖိတ်ခေါ်ပါသည်။

# လင်းသိုက်ညွန့် (မြန်မာ့မြေ) ၏ ထုတ်ဝေပြီးစာအုပ်များ

## သုတစာစဉ်



နိုင်ငံကြီးသားပီသဖို့
စာမူခွင့်ပြုချက်
၆၀၂/၂၀၀၇(၇)



တို့မြန်မာတွေအာရကျေးဖြစ်စေဖို့
(ပထမအကြိမ်)
စာမူခွင့်ပြုချက်
၄၀၀၁၆၁၀၂၁၀




မြန်မာတွေအောင်မြင်ဖို့
စာမူခွင့်ပြုချက်
၄၀၀၀၁၇၀၁၁၁

NOW



ဒုတိယအကြိမ်
Second Edition

## ရသစာစဉ်



ဟစ်ဟော့သာဂိ...
စာမူခွင့်ပြုချက်
၅၀၀၃၃၉၀၃၀၉




ခင်ဗျားကိုယ်တိုင်ပါလို့ရတဲ့ဝတ္ထု
စာမူခွင့်ပြုချက်
၅၀၀၆၄၀၀၅၀၉



အေသင်ရဲ့သတို့သမီး
စာမူခွင့်ပြုချက်
၅၀၁၃၇၀၉၀၉



အိုင်တီကဝေ
စာမူခွင့်ပြုချက်
၅၀၀၁၀၃၀၁၁၀



ဘဝမာယာဝက်ပါ
စာမူခွင့်ပြုချက်
၅၀၀၉၉၅၀၉၁၀

**လင်းသိုက်ညွန့်(မြန်မာ့မြေ)**၏ ထုတ်ဝေပြီး စာအုပ်များမှ နိုင်ငံကြီးသားပီသဖို့မှလွဲ၍ ကျန်စာအုပ်များကို အမြို့မြို့အနယ်နယ်ရှိစာအုပ်ဆိုင်များ၊ စာပေလောကဆိုင်များနှင့် ဖော်ပြပါ Super Market များတွင် ဝယ်ယူနိုင်ပါသည်။ Orange(ရဲတံခွန်)၊ Orange(လသာ)၊ Orange (တာမွေ) ၊ Orange (ဝေဇယန္တာ) Orange (မြောက်ဥက္ကလာ)၊ Blazon (မြေနီကုန်း) Victoria (ရေကျော်) ၊ Victoria (နဝဒေး) Victoria Excell ၊ Day to Day (တာမွေ) Capital (သာကေတ)၊ TAB Book Centre ၊ **TODAY** စာအုပ်ဆိုင်များတွင် ရရှိနိုင်ပါသည်။

# Lynn Thaik Nyunt (Myanmar's Land)



"ကျွန်တော် ထပ်ပြီးပြောချင်တာက တကယ်တမ်း ကျွန်တော်တို့တစ်တွေ
ပြိုင်ချင်တာ၊ ပြိုင်ရမှာက ရန်ကုန်နဲ့ ရတနာပုံ၊ ရန်ကုန်နဲ့မကွေး၊
ရန်ကုန်နဲ့ ဒယ်လတာမဟုတ်ပါဘူး။ ရန်ကုန်နဲ့ နယူးယောက်၊
ရန်ကုန်နဲ့ စင်ကာပူ၊ ရန်ကုန်နဲ့ပေကျင်း၊ ရန်ကုန်နဲ့ ဆိုးလ်၊
ရန်ကုန်နဲ့ တိုကျို ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း
ထပ်လောင်း အသိပေးလိုက်ပါတယ်"

မြန်မာ့မြေစာပေ

အမှတ်၊ (J-7)၊ ရွှေပုန်းညက်ရိပ်မွန်၊
ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၃၁၇၂၊ ၀၉ ၉၉၇၄၂၆၀၊ ၀၉ ၅၀၁၀၀၁၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောက်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စာရေးသူ၏ အမှာစာ

ဤစာအုပ်ပါ ဆောင်းပါးများအနက် ခုနစ်ပုဒ်မှာ 7 Day News Journal တွင် ရေးသားခဲ့ပြီး၊ ကျန်ဆောင်းပါးများမှာ Knowledge Bridge မဂ္ဂဇင်း၊ Fashion Image မဂ္ဂဇင်း၊ ပန်းအလင်္ကာမဂ္ဂဇင်း Youth မဂ္ဂဇင်း၊ Teen မဂ္ဂဇင်းတို့တွင် ရေးသားခဲ့သည်များကို စုစည်းဖော်ပြထားခြင်း ဖြစ်ပါသည်။

ယနေ့ စာရေးသူတို့၏ နိုင်ငံသည် လွတ်လပ်ပွင့်လင်းသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းနေသည့် transitional period ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်နှင့်အတူ စာရေးသူတို့ မြန်မာပြည်သူပြည်သားအပေါင်း အမျိုးသား ကြီးပွားတိုးတက်ရေး၊ တို့မြန်မာများ အာရကျားဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဗီတာမင်အားဆေးများသဖွယ် စားသုံးဖတ်ရှုနိုင်ကြရေးအတွက် ဤဆောင်းပါးစုကလေးများကို တင်ဆက်လိုက်ရပါသည်။

အသက် ၂၃ နှစ်အရွယ် လူငယ်စာရေးဆရာတစ်ယောက်၏ သူ့နိုင်ငံနှင့် လူမျိုးအပေါ် ရှုမြင်သုံးသပ်ခံစားပုံကို စာဖတ်သူတို့အနေဖြင့် ခံစားနားလည်နိုင်ကြမည်ဟု ယုံကြည်ပါသည်။

**Country is every first!**

**လင်းသိုက်ညွန့်(မြန်မာ့မြေ)**

## ပုံနှိပ်မှတ်တမ်း

တို့မြန်မာတွေအာရှကျားဖြစ်စေဖို့
အပါအဝင် ဗီတာမင်ဆောင်းပါးများ
လင်းသိုက်ညွန့် (မြန်မာ့မြေ)

| | |
|---|---|
| စာမူခွင့်ပြုချက် | ■ ၄၀၀၉၀၄၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | ■ ၄၀၀၈၇၄၀၇၁၁ |
| အကြိမ် | ■ ပထမအကြိမ်၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လ<br>ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ■ ၁၀၀၀ |
| တန်ဖိုး | ■ ၂၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | ■ နိုင်နိုင် |
| ထုတ်ဝေသူ | ■ ဦးချစ်ညွန့်၊ ဇင်ရတနာစောစာပေ<br>၂၀၅ က/၄ လမ်း၊ မြို့သစ် က+ခ ရပ်ကွက်၊<br>အင်းစိန်။ |
| စာအုပ်ချုပ် | ■ အလီ |
| ပုံနှိပ်သူ | ■ ဦးအောင်မြင့်သိန်း(အင်ကြင်းမြိုင်ပုံနှိပ်တိုက်)<br>၁၄၇၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ■ မြန်မာ့မြေစာပေ |
| စီစဉ်သူ | ■ မောင်မျိုး (ဗောဓိသစ္စာ) |

လင်းသိုက်ညွန့်(မြန်မာ့မြေ) ၈၀၄. ၈၄
တို့မြန်မာတွေအာရှကျားဖြစ်စေဖို့/ လင်းသိုက်ညွန့် ။ - ရန်ကုန်၊
ဇင်ရတနာစာပေ၊ ၂၀၁၁။
၁၀၉ - စာ ၊ ၁၆ စင်တီ။
(၁) တို့မြန်မာတွေအာရှကျားဖြစ်စေဖို့


မြန် မာ့ မြေ စာ အုပ် အ မှတ် ( ၉ )

# တို့မြန်မာတွေအာရှကျားဖြစ်စေဖို့

အပါအဝင်

## ဗီတာမင်ဆောင်းပါးများ


### လင်းသိုက်ညွန့် (မြန်မာ့မြေ)

NCC & ABE Courses Expert Consultant & Writer;
B.Sc(Hons:) Computing & Information System
(London Metropolitan University);
LL.B; IADCS (NCC, UK);
Adv. Dip. in Business Management (ABE,UK);
IDCS (NCC, UK); AMABE (UK);
World First Award Winner
(2010, June Exam Session of ABE, UK Adv, Dip, in BM)

# မာတိကာ


| | | |
|---|---|---|
| ၁။ | စင်ကာပူမှာနေချင်လား | ၁ |
| ၂။ | ငြိမ်းချမ်းချင်သလား၊ လွယ်ပါတယ် | ၇ |
| ၃။ | မြန်မာ့စံချိန်မြှင့်ပြီးမြန်မာတွေပေါင်းစည်းလုပ်ကိုင်ကြဖို့ အချိန်တန်ပြီ | ၁၁ |
| ၄။ | Korean Wave နှင့်ယနေ့လူငယ် | ၁၇ |
| ၅။ | ကံတရားကိုစီမံခန့်ခွဲခြင်း | ၂၄ |
| ၆။ | ကျွန်တော်တို့အကြားမှာထွန်းကားဖို့လိုအပ်နေတဲ့ ပရော်ဖက်ရှင်နယ်စိတ်ဓာတ် | ၂၈ |
| ၇။ | တို့မြန်မာတွေအာရှကျားဖြစ်စေဖို့ | ၃၂ |
| ၈။ | မြန်မာတွေအပျော်ကြီးပျော်ခဲ့တဲ့အပျော်ခြုံဆောင်းည | ၃၉ |
| ၉။ | ကမ္ဘာ့ငွေကြေးအကျပ်အတည်း (Financial Crisis) မှာဖူးငုံတို့ ဘာလုပ်ကြမလဲ | ၄၆ |
| ၁၀။ | ညံ့ပျောင်းကြည်ဖြူနာသောသူကို၊ ငါတူကြင်နာပြုစုပါက မြတ်ရာရောက်လိမ့်ကေန်တည်း | ၅၆ |
| ၁၁။ | ရှုံးပွဲဝေဒနာ | ၆၄ |
| ၁၂။ | ကိုယ့်ဘက်က (My Side) | ၆၈ |
| ၁၃။ | နိုင်ငံတကာဘွဲ့ | ၇၂ |
| ၁၄။ | လူငယ်တွေလေ့လာသင့်တဲ့စကားပြောနည်း | ၇၉ |
| ၁၅။ | လူငယ့်စိတ်ကူး | ၈၈ |
| ၁၆။ | International Business ဆိုတာဘာလဲ | ၉၃ |
| ၁၇။ | ကမ္ဘာကြီးနေကောင်းပြီလား (သို့မဟုတ်) ဗုဒ္ဓမေ့ကိုသုတေသနပြုမိခြင်း | ၁၀၂ |





**Let's go to Writing , Reading , Learning Society**

စာရေးသူ လင်းသိုက်ညွန့်(မြန်မာ့မြေ)၏ စာဖတ်ပရိသတ်များအတွက် ယခုစာအုပ်မှ စတင်ပြီး Writer's Fan Club လေးတစ်ခု ကို ဖွဲ့စည်းပေးပြီး ဖြစ်ပါသည်။ စာအုပ်ပါပုံစံကို ဖြည့်စွက်၍ ပြန်လည် ပေးပို့သူတိုင်းကို အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုပေးသွားမည်။ အဖွဲ့ဝင်တိုင်းအား အဖွဲ့ဝင်ဖြစ်ဖြစ်ချင်း လက်ဆောင် (Welcome Gift)ကို အိမ်တိုင်ရာရောက် စာတိုက်မှပို့ပေးပါမည်။ စာရေးသူနှင့် အခါအားလျော်စွာ Lunch/Dinner များ စားသုံးရင်း စာပေအကြောင်းများ ဆွေးနွေးနိုင်ရန် မဲနှိုက်ရွေးချယ်ပေးမည်။ အဖွဲ့ဝင်တိုင်းသည် စာရေးသူ၏ ထွက်ရှိပြီး စာအုပ်မှန်သမျှကို 20 % ဖြင့် စာတိုက်မှ မှာကြားနိုင်သည်။ အဖွဲ့ဝင်တိုင်းသည် ၂၀၁၂ ခုနှစ်တွင် Internet သို့ လွှင့်တင်မည့် စာရေးသူ၏ Website တွင် အလိုအလျောက် Member ဝင်ပြီး ဖြစ်သည်။ Fan Club ကို ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာရေးရန် ဝါသနာပါသူများ၊ စာရေးဆရာ များ တိုးပွားလာစေရေးဖြစ်သောကြောင့် Fan Club Member များ၏ စာပေကိစ္စအဝဝကို စာရေးသူမှ ရင်းနှီးစွာ ဆွေးနွေး ကူညီသွားမည်။

# WRITER'S FAN CLUB

**Let's go to Writing , Reading , Learning Society**

အမည် ..................................................

အသက် ..................................................

ပညာအရည်အချင်း ..................................................

ကလောင်အမည် ..................................................

(ရှိပါက)

နေရပ်လိပ်စာ ..................................................

..................................................

..................................................

(ဤပုံစံကို မိတ္တူကူးယူ၍လည်း ပေးပို့နိုင်ပါသည်။)


**ပေးပို့ရန်လိပ်စာ**

မြန်မာ့မြေစာပေ

အမှတ်၊ (J-7)၊ ရွှေပုန်းညက်ရိပ်မွန်၊

ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၀၃၁၇၂

**Ltnmyanmarmay 1 @ gmail.com**


## စင်ကာပူမှာနေချင်လား

ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်ကြီးက ငြိမ့်ခနဲတက်သွားတော့ ရင်ထဲမှာ ဟာတာတာ ကြီးဖြစ်သွားသလို ခံစားလိုက်မိသည်။ မွေးကတည်းက ကိုယ်နေထိုင်ကျက်စားခဲ့ရသော မြို့တော်ကြီးကို ခုလို မြေပြင်မှာပြားပြား ဝပ်ဝပ်ကလေး တွေ့လိုက်ရတော့လည်း ရင်ထဲမှာ ဘာလိုလိုနဲ့၊ ဒါတောင် သူကသူများတွေလို နိုင်ငံခြားကိုအပြီး ထွက်လာတာတို့၊ နှစ်နှင့်ချီပြီး အလုပ်လာလုပ်တာတို့မဟုတ်။ ဆယ်တန်းစာမေးပွဲဖြေပြီးသွားလို့ အားနေတာနဲ့ ဘိုးဘိုးက စင်ကာပူကိုအလုပ်ကိစ္စတစ်ခုရှိလို့သွားရင်း အလည်လိုက်လာခဲ့ခြင်း သာ။ သူ့ဘေးနား ကပ်လျက်မှာတော့ ဘိုးဘိုးက ဖိုင်တွဲတွေတစ်ပုံကြီးနှင့် အလုပ်ရှုပ်နေသည်။ စင်ကာပူ ရောက်ရောက်ချင်းတက်ရမယ့် အစည်းအဝေး တစ်ခုအတွက်ပြင်ဆင်နေတယ် ထင်ပါရဲ့။

လေယာဉ်ပေါ်က ပတ်ဝန်းကျင်ရှုခင်းတွေကို ငေးမိရင် သူငယ်ငယ်က

ဖတ်ခဲ့ရတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတစ်ပုဒ်ကိုတောင် သတိရမိသေး။ ဘာတဲ့ **တို့ပြည်ပြုဗ္ဗာရှေ့ဆီမှာနှင့်၊ ဘာသာ မတူ၊ အမူကွဲခြမ်း၊ မြိုင်တောဝှမ်း ငယ်၊အချမ်းမတူ၊ အပူမမျှ၊ ကြုံဘိရ၏**တဲ့ ရှင်မဟာရဋ္ဌသာရကညည်းခဲ့တာ။ သည်လိုပါပဲ ရှေ့လျှောက်ကိုယ့်မြေ၊ ကိုယ်ရေမဟုတ်သည့်ဒေသမှာ ဘာတွေကြုံရမလဲဆိုတာကို တွေးပြီး သူလည်းရင်တော့ ခုန်မိပါရဲ့။

စင်ကာပူနိုင်ငံ“ချန်ဂီ”လေဆိပ်ကိုရောက်တော့ သူက တောသားမြို့ရောက်ဖြစ်နေသည်။ အာပါးပါး၊ ကြီးလိုက်တဲ့လေဆိပ်ကြီး၊ များလိုက်သည့်လေယာဉ်တွေ၊ လူတွေကသူတို့ကိစ္စကိုယ်စီနှင့် ခပ်သုတ်သုတ်၊ ဥဒဟိုသွားလာနေကြသည်။ ဩော်. . အရှေ့တောင်အာရှ၏ စီးပွားရေးကိုဦးဆောင်နေသည့် ခြင်္သေ့တို့ရဲ့ မြို့ တော်ပဲ၊ ဒီလောက်တော့ရှိမှာပေါ့။

ဘိုးဘိုးကတော့ အကောက်ခွန်ဌာနတို့၊ ဝန်စည်စလယ် (Luggage) ထုတ်တာတို့ကို ကျွမ်းကျွမ်းကျင်ကျင် သူ့ရှေ့က ဦး ဆောင် လုပ်သွားသည်။ သူကနောက်က ဟိုငေး၊ ဒီငေးလုပ် ပြီးလိုက်ခဲ့ရုံသာ။ တစ်ချက်တစ်ချက်မြင်ရသည့် စကတ်တိုတိုလေးတွေနှင့် စင်ကာပူတရုတ်မလေးတွေကချောတော့ ချောရှာကြပါ သည်။ သို့သော် သူ့စိတ်ထဲမှာတော့သကြ်န်မိုး ရုပ်ရှင်ကားထဲက သလုံးသားမပေါ်သည့်ရွှေခြေချင်းသံတ ချွင်ချွင်နဲ့မန္တလာသူတွေကို မီသည်လို့ မထင်ခဲ့။

ညပိုင်းရောက်တော့ဘိုးဘိုးကသူ့ကိုဆန်တိုဆာဂါးဒင်းသို့ခေါ် လာသည်။





သူ့မိတ်ဆွေနိုင်ငံခြားသားတွေကညစာစား ဖို့ဖိတ်ထားသည်တဲ့။ ဒါနဲ့ မြေးအဘိုးနှစ်ယောက် တစ်နာရီလောက် စောထွက်လာကြသည်။ သူ့ကို ဆန်တိုဆာမှာ ဟိုဟိုဒီဒီ လိုက်ပြရဦးမယ် မဟုတ်လား။

ဆန်တိုဆာ ညခင်းဆန်တိုဆာဂါဒင်းကတော့ ဒစ္စကိုမီးရောင်တို့နှင့် တဖိတ် ဖိတ်တောက်ပနေသည်။ သည်မှာပဲ စင်ကာပူတို့ရဲ့ အထိမ်းအမှတ်သင်္ကေတ “ရေခြင်္သေ့”ရုပ်အဆောက်အအုံကြီးရှိလေရဲ့။ မီးရောင်ဝင်းဝင်းနဲ့ရေခြင်္သေ့ကြီးရဲ့ မျက်လုံးတွေကတော့ စင်ကာပူသားတွေရဲ့ အားမာန်ကို ဖော်ပြနေသယောင်ယောင်။

ဆန်တိုဆာရဲ့မီးရောင်စုံလှတပတတွေကြားမှာ သူကတော့ ပျော်သလိုလို၊ အားကျသလိုလို ခံစားနေမိသည်။ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ဝါဒ်ဇ်ဝ့ါတ်(သ်)William Wordsworth ရဲ့ ကဗျာ လေးတစ်ပိုဒ်ကို သတိရမိသည်။ ဘာတဲ့. . .

"I traveled among unknown men,

In lands beyond the sea:

Nor, England! did I know till then

What love I bore to thee"

သူစိမ်းတွေကြား

ရေခြား၊မြေခြားတစ်နေရာ၌

ခရီးသည်ငါတစ်ယောက်

ရောက်ခဲ့ရမိ။

အို. . . အမိအင်္ဂလန်နိုင်ငံ

သူစိမ်းမြေငါမရောက်ခင်က

သည်လောက်ကွယ်

သင့်ကို တွယ်တာကြောင်း

ငါမသိခဲ့. . တဲ့။ သည်လိုပါပဲ အခုသူလည်း ကမ္ဘာ့အလှပဂေး ကမ္ဘာကျော် ဥယျာဉ်ကြီးထဲကနေ သူ့မိခင်နိုင်ငံရဲ့ အငွေ့အသက်တွေကို ပြန်လွမ်းနေမိသည်။ ဩော်. . ကိုယ့်ဒေသကို မြတ်နိုးတယ်၊ တွယ်တာတယ်၊ အထွဋ်တင်တယ်ဆိုတာက ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ တိုးတက်ခြင်း၊ မတိုးတက်ခြင်းတွေနဲ့ဆိုင်မှ မဆိုင်တာပဲလေ။

"ကဲ. . ဘိုးဘိုးမိတ်ဆွေတွေလာတော့မယ်။ စားသောက်ဆိုင်ကို သွားရအောင်"

ဘိုးဘိုးရဲ့စကားသံကို ကြားတော့မှ သူ့အတွေးတိမ်မျှင် တို့ပြတ်သွားသည်။ ဩော်. . ဟုတ်ပါရဲ့၊ ဘိုးဘိုးတို့ ချိန်းထားတဲ့ အချိန်တောင် ရောက်တော့မှာပဲ။

စင်ကာပူသားတို့ရဲ့ ခံ့ညားမှုက စားသောက်ဆိုင်ရဲ့ အပြင်အဆင်၊ ဝန်ဆောင်မှု(Service)တွေအပေါ်မှာထင်ဟပ်သက်ရောက်နေသည်။ အရာရာ





အားလုံးကပြောစရာမလိုအောင် စနစ်တကျ၊ ကျကျနန။

ဘိုးဘိုး၏မိတ်ဆွေနိုင်ငံခြားသားတွေက စုစုပေါင်းသုံးဦးဖြစ်သည်။ နှစ်ဦးကတော့ စင်ကာပူနွယ်ဖွား တရုတ်တွေထင်သည်။ နောက်တစ်ဦးကတော့ ဂျာမန်လူမျိုး"မစ္စတာအပ်ဒဝင်"တဲ့။ ဘိုးဘိုးနဲ့ ဖက်စပ်လုပ်တဲ့ ဂျာမန်စက်ယန္တရား ကုမ္ပဏီကြီးက ဒါရိုက်တာတစ်ယောက်ပေါ့။

စားပွဲဝိုင်းကို ရောက်ရောက်ချင်း ဘိုးဘိုးက သူ့ကိုမိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးသည်။ ဒါက"ငါမြေး လင်းသိုက်ညွန့် ဒီနှစ်ငါတို့နိုင်ငံရဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေပြီးပြီ" စသည့်ဖြင့်ပေါ့။ ဒီတော့ မစ္စတာ အပ်ဒဝင်က သူ့ကို တစ်ခုမေးသည်-

"ဟာ. . ဒါဆိုမင်းစင်ကာပူမှာ ကျောင်းဆက်မတက်ချင်ဘူးလား" တဲ့။ ဒီတော့ သူက-

"ဟုတ်ကဲ့၊ တက်မှာပါ၊ ကျွန်တော့်မှာ အစီအစဉ်ရှိပါတယ်" သူ့ဖြေသံလည်း ကြားရော မစ္စတာအပ်ဒဝင်ကရယ်ပြီး. .

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါနဲ့ စင်ကာပူကပျော်စရာကြီးနော်၊ မင်းစင်ကာပူမှာ မနေချင်ဘူးလား"လို့ မေးသည်။ သူပြန်ဖြေလိုက်တဲ့ အဖြေကိုလည်း ကြားရော၊ မစ္စတာအပ်ဒဝပ်ရော ကျန်တဲ့လူတွေပါ သူ့ကိုဝိုင်းပြီးလက်ဆွဲနှုတ်ဆက်ကြသည်။ ဘိုးဘိုးကတော့ ပြုံးပြီး သူ့ကိုကြည့်နေသည်။ သူပြန်ဖြေလိုက်တာက "မနေချင်ပါဘူး။ ကျွန်တော် စင်ကာပူမှာ ကျောင်းပဲ

တက်မှာ၊ ပြီးရင် ကျွန်တော့်နိုင်ငံ ကျွန်တော်ပြန်မှာ၊ ကျွန်တော်က ကျွန်တော့် နိုင်ငံကိုပဲ စင်ကာပူလိုဖြစ်အောင် လုပ်ချင်တာ”

အဲဒီနေ့က ဆန်တိုဆာရဲ့ မီးရောင်တွေအောင်မှာ မစ္စတာ အပ်ဒဝင် သူ့ကိုဆက်ပြီးပြောလိုက်တဲ့ စကားတစ်ခွန်းကိုလည်း သတိရမိသေးသည်။ သူပြောတာက. .

“မင်းတို့နိုင်ငံမှာ မင်းလိုသူတွေသာ အများကြီးဆိုရင် မင်းတို့နိုင်ငံ ခဏလေးနဲ့ ချမ်းသာသွားနိုင်တယ်”တဲ့။

**7 Day News Journal**

**Vol:7, No-31**

**အောက်တိုဘာ ၂၃ ရက်၊ ၂၀၀၈ ခုနှစ်။**



# ငြိမ်းချမ်းချင်သလား၊ လွယ်ပါတယ်

ဒီနေ့ ညနေပိုင်း၊ နည်းနည်းအားနေတာနဲ့ ကျွန်တော်လည်း တီဗီရှေ့ထိုင်ပြီး (CNN)တို့၊ (Asia News)တို့၊ (CCTV)တို့ကို ဟိုဖမ်း ဒီဖမ်း လျှောက်ကြည့်ဖြစ်ပါတယ်။ အဲ့ဒီလို သတင်းချန်နယ်လ်တွေ ဖမ်းကြည့်လိုက်တိုင်း၊ ဖမ်းကြည့်လိုက်တိုင်း‘အဂ္ဂဒက်မှာတော့ ဗုံးပေါက်လို့ဘယ်နှယောက် သေသွားပြီ’၊ ‘အာဖရိကမှာတော့ ဘယ်နိုင်ငံမှာ သမ္မတကို ဘယ်အတိုက်အခံက သေနတ်နဲ့ချောင်းပစ်လို့’၊ ‘ဟောလိဝုဒ်မှာတော့ ဘယ်မင်းသားက အဆိပ်သောက်ပြီး သေကြောင်းကြံလို့’ စသဖြင့်အနိဋ္ဌာရုံသတင်းတွေနဲ့ပဲ ပြည့်နှက်နေတာကိုတွေ့ရပါတယ်။ တော်တော်ကို တုန်လှုပ်စရာပါ။

တကယ်တမ်း စဉ်းစားကြည့်ရင် ကမ္ဘာကြီးငြိမ်းချမ်းဖို့အတွက်၊ လူသားအဖွဲ့အစည်းကြီး(Society)ငြိမ်းချမ်းဖို့အတွက် သူတို့အနောက်နိုင်ငံတွေလောက်လုပ်တာ သူတို့ပါပဲ။ ကမ္ဘာကြီးငြိမ်းချမ်းဖို့အတွက် ညီလာ

ခံ(Convention)ကြီးတွေ၊ ဆွေးနွေးပွဲ ကြီးတွေလုပ်ကြတာလည်း သူတို့ပါပဲ။ ပညာဉာဏ်(Wisdom) ပိုင်းနဲ့ကြည့်ရင်လည်း အောက်စဖို့ဒ်၊ ကိန်းဘရစ်စတဲ့ ထိတ်ထိတ်ကြဲတက္ကသိုလ်ကြီးတွေ၊ ထိတ်ထိတ်ကြဲ ပညာရှင်ကြီးတွေ၊ ပါမောက္ခ ကြီးတွေလည်း သူတို့ဆီမှာပဲ ရှိတာပါပဲ။ ကိုင်း. . ဒါဆို သူတို့တွေခုထိ ဘာ ကြောင့် မငြိမ်းချမ်းကြသေးတာပါလဲ။

ဒီကြားထဲ ကိုလိုနီကာလတစ်လျှောက် ကျွန်တော်တို့လို နိုင်ငံငယ်လေး တွေကို မတရားအမြတ်ထုတ်၊ ဂုတ်သွေးစုပ်ပြီး ကျိကျိတက်ချမ်းသာလာကြတဲ့ အရင်းရှင်နိုင်ငံကြီးတွေက သူတို့ရဲ့ ယုတ်မာမှုတွေကို မသိကျိုးကျွံပြုပြီး ယနေ့ မှာ သူတော်ကောင်းလုပ်ကာ မင်းတို့နိုင်ငံတွေ ဆင်းရဲတာ လူ့အခွင့်အရေး မရှိလို့၊ ဘာ(Right)မရှိလို့၊ ညာ(Right)မရှိလို့နဲ့ သူခိုးက လူပြန်ဟစ်လိုက်ကြ ပါသေးတယ်။

တကယ်တမ်း ကမ္ဘာကြီးငြိမ်းချမ်းချင်ပါသလား။ လူသားအချင်းချင်း သွေး စည်းချစ်ကြည်ချင်ပါသလား။ လူအချင်းချင်း သေနတ်တွေဆွဲကိုင်ပြီး အလု အယက် အသေသတ်နေကြတဲ့အဖြစ် ဆိုးကြီးတွေက လွတ်မြောက်ချင်ပါသ လား။ လွယ်ပါသည်၊ အလွန့်ကို လွယ်ပါသည်။ အမိကက လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဂေါတမဗုဒ္ဓဟောကြားခဲ့တဲ့အတိုင်း ကျွန်တော်တို့အားလုံး အစွန်းမရောက်ကြဖို့လိုသည်။ တစ်နည်းအားဖြင့် အလယ်အလတ်မဇ္ဈိမလမ်း (Middle Path)ပေါ်မှာလျှောက်လှမ်းနိုင်ကြဖို့ လိုပါသည်။ သည်လိုဆိုလျှင်





ငြိမ်းချမ်းဖို့ရာ အလွန်ကိုလွယ်သွားပါပြီ။

ဒီလိုဆိုရင် ဂေါတမဗုဒ္ဓရဲ့ အလယ်အလတ်လမ်း(Middle Path)ဆို တာဘာလဲ။ အဓိက(Main) ကတော့ မဂ္ဂင်ရှစ်ပါး(Noble Eightfold Path) ပဲဖြစ်ပါတယ်။ အဲ့ဒီမဂ္ဂင်ရှစ်ပါးကတော့-

၁။ သမ္မာဒိဋ္ဌိ - မှန်ကန်သောအမြင်(Right View/Right Understanding)

၂။ သမ္မာသင်္ကပ္ပ - မှန်ကန်သောအကြံ(Right Thought)

၃။ သမ္မာဝါစာ - မှန်ကန်သောစကား(Right Speech)

၄။ သမ္မာကမ္မန္တ - မှန်ကန်သောအလုပ်(Right Action)

၅။သမ္မာအာဇီဝ - မှန်ကန်သောအသက်မွေးဝမ်းကျောင်း (Right Livelihood)

၆။ သမ္မာဝါယာမ - မှန်ကန်သော အားထုတ်မှု(Right Effort)

၇။ သမ္မာသတိ - မှန်ကန်သော နှလုံးသွင်းမှု (Right Mindfulness)

၈။ သမ္မာသမာဓိ - မှန်ကန်သော တည်ကြည်စူးစိုက်မှု (Right Concentration)တို့ပဲ ဖြစ်ပါတယ်။

ကမ္ဘာသူ ကမ္ဘာသားတွေအနေနဲ့ ဒီလမ်းစဉ်ရှစ်ရပ်ကိုသာ အတိအကျ လိုက်နာကျင့်သုံးနိုင်ကြပါက ကမ္ဘာကြီးနဲ့လူ့အဖွဲ့အစည်းဟာ အလွယ်တကူ ငြိမ်းချမ်းနိုင်မှာပါပဲ။

လင်းသိုက်ညွန့် (မြန်မာ့မြေ)

ဒီတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအနေနဲ့ မျက်မှောက်ကာလမှာ အနောက်နိုင်ငံကြီးတွေထက် စီးပွားရေး၊ နည်းပညာတို့မှာ အောက်ကျကောင်းအောက်ကျနေပေမယ့်၊ ဒီလို ဗုဒ္ဓရဲ့ အထူးမြင့်မြတ်လှတဲ့ (Morality) ပိုင်းဆိုင်ရာ၊ (Ethic) ပိုင်း ဆိုင်ရာအဆုံးအမကောင်းတွေ ရှိနေတာမို့ ငြိမ်းချမ်းသာယာဝပြောတဲ့ မေတ္တာလူ့ဘောင် (Peaceful Society)ကို တည်ထောင်ပြီး အနာဂတ်ကမ္ဘာကြီးကိုဦးဆောင်ကြပါစို့ဟု အားသစ်လောင်း ရေးသားလိုက်ပါတယ်။

**7 Day News Journal**

**Vol:7, No-15**

ဇူလိုင် ၃ ရက်၊ ၂၀၀၈ ခုနှစ်



# မြန်မာ့စံချိန်မြှင့်ပြီး မြန်မာတွေ ပေါင်းစည်းလုပ်ကိုင်ကြဖို့ အချိန်တန်ပြီ

နိုဝင်ဘာလ ၉ ရက် လှိုင်တက္ကသိုလ်ဝင်းထဲမှာရှိတဲ့ မြန်မာ အင်ဖိုတက်မှာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်အသင်းများ၏ ဆယ်နှစ်ပြည့် အထိမ်းအမှတ် ကျင်းပပြုလုပ်တဲ့ (Pannel Discussion For ICT Industry Development Seminar) (သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲစကားဝိုင်း)ကို တက်ရောက်ဖြစ်ခဲ့တယ်။ ခေါင်းစဉ်ကိုက (ICT Industry Development)ဖြစ်တဲ့အတွက် အတော်စိတ်ဝင်တစားရှိခဲ့ပါတယ်။

(Pannel Discussion)(ပညာရှင်တွေရဲ့ စကားဝိုင်းဆွေးနွေးပွဲဖြစ်ပြီး ပရိသတ်ပါရှိကာ မေးမြန်းနိုင်တယ်) ပါဝင်ဆွေးနွေးသူများကလည်း မြန်မာ့အိုင်တီလောကရဲ့ ထိတ်ထိတ်ကြပုဂ္ဂိုလ်ကြီးများ ဖြစ်ပါတယ်။ အဲဒီနေ့က ဦး

ဆောင်ဆွေးနွေးပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေကတော့ ဦးသိန်းဦး(ACE Data System)၊ ဦးတင်ဝင်းအောင်(MCC)၊ ဦးသောင်းတင် (KMD) ဦးအောင်ဇော်မြင့် (Winner Group)၊ ဦးရဲမြတ်သူ (Alpha System)၊ ဦးခွန်ဦး (ဥက္ကဋ္ဌ MCPA)တို့ပဲ ဖြစ်ပါတယ်။ အထူးသဖြင့်ဆရာကြီးတွေဟာ တစ်ယောက်ကို နှစ်မိနစ်၊ သုံးမိနစ်ဆီလောက်ပဲ နှုတ်ဆက်စကား(Welcomming Speech)ပြောကြားသွားပြီး ကျန်တဲ့တစ်လျှောက်လုံးတက်ရောက်လာသူတွေရဲ့ မေးမြန်းချက်များကိုပဲ အခြေပြု ဆွေးနွေးသွားကြတာ ဖြစ်ပါတယ်။ ကောင်းပါတယ်။

အထူးသဖြင့်အဲဒီနေ့က(Pannel Discussion)မှာပြည်တွင်း (ICT Industry)သတင်း၊ အချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး Human Resources Development(HRD)' နဲ့ပတ်သက်ပြီး တော်တော်လေး အသားပေးဆွေးနွေးသွားတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဝင်းအောင်ကတော့ယနေ့မိမိတို့ပြည်တွင်း (ICT Industry)ဟာ(Dynamic) (အားကောင်းမောင်းသန်)လှုပ်ရှားတိုးတက်နေပါတယ်လို့ အားပေးစကား ပြောသွားပါတယ်။ နောက်အသင်းချုပ် ဥက္ကဋ္ဌကြီးဦးသိန်းဦးကလည်း မိမိတို့ဆီမှာ နိုင်ငံခြားက ဒေါ်လာသန်းချီတဲ့ ဆော့ဖ်ဝဲလုပ်ငန်းတွေ (Software Project) ကို လက်ခံဆောင်ရွက်ပေးနေပြီဖြစ်လို့ ပြည်တွင်းက ပရိုဂရမ်မာများ၊ ဆော့ဖ်





ဝဲအင်ဂျင်နီယာများအနေနဲ့အားမငယ်ကြဖို့ အားပေးပြောကြားသွားပါတယ်။

မှန်ပါတယ်၊ ဥက္ကဋ္ဌကြီးတို့ ပြောသွားသလို ပြည်တွင်း အိုင်တီလုပ်ငန်းတွေဟာ အရှိန်အဟုန်ကောင်းနေတယ်ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် ပြည်တွင်း အိုင်စီတီပညာရှင်များကို သုံးနိုင်ပေးနိုင်တာကတော့ နည်းနေပါသေးတယ်။ စာရေးသူဆို ဒီနှစ်မှာပဲ (London Metropolitan University, UK) မှ B.Sc (Hons)(Degree in Computing and Information Systems) ဘွဲ့ကို ရရှိပြီးသားပါ။ စာရေးသူရတဲ့ဘွဲ့ကို အာဆီယံနိုင်ငံတချို့မှာ လစာအမေရိကန်ဒေါ်လာ ၂၅၀၀ ကနေ ၃၀၀၀ လောက်ပေးပါတယ်။ စာရေးသူရဲ့သူငယ်ချင်းတစ်ယောက် က စာရေးသူလိုပဲ ဘွဲ့ရပါတယ်။ အခုပြည်တွင်း အိုင်တီကုမ္ပဏီတစ်ခုမှာ လုပ်သက်ရအောင်ဆိုပြီးတော့ ပရိုဂရမ်မာအနေနဲ့ အလုပ်လုပ်ကိုင်နေပါတယ်။ သူရတဲ့လစာကို မေးကြည့်တော့ မြန်မာငွေငါးသောင်း(ဒေါ်လာ ၄၀ခန့်)တဲ့။ ဒါ လစာအကြောင်းပဲ ရှိပါသေးတယ်။ အခြားအခွင့်အရေးတွေလည်း ကွာတာပါပဲ။

စာရေးသူတို့ဆီက ထူးချွန်ပညာရှင်တော်တော်များဟာ နိုင်ငံခြားကို ထွက်သွားကြပါတယ်။ အမှန်တော့ သူတို့တွေထူးချွန်လာအောင်၊ အရည်အချင်း ပြည့်ဝလာအောင် ၂ နှစ်၊ ၃ နှစ်လောက် မြန်မာပြည်က ပျိုးထောင်ပေးခဲ့ရတာပါ။ အရည်အချင်းပြည့်ဝလာတော့ ထိုက်တန်တဲ့လစာ၊ အခွင့်အရေးများကို မျက်စပစ်လာ၊ တောင်းဆိုလာတယ်။ အားလုံးလိုလိုက ပြည်ပ

ကိုချည်း ရောက်ရောက်ကုန်တာမို့ သမင်မွေးရင်း ကျားစားရင်းဆိုသလို ဖြစ်နေရုံမက ပညာရှင်ကြီး၊ ငယ်တွေကိုယ်တိုင် တိုင်းပြည်အတွက်မဟုတ်တော့ဘဲ တခြားသူတွေအတွက်ချည်းဆိုသလို ဖြစ်နေပါတယ်။

မြန်မာအိုင်တီပညာရှင်တွေသွားကြတဲ့ စင်ကာပူနိုင်ငံကိုကြည့်ရင်လည်း ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် အမေရိကန်ကိုသွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ စင်ကာပူနိုင်ငံသားတွေတောင် သူတို့နိုင်ငံကို ပြန်လာကုန်ကြပြီး စင်ကာပူ ရောက် မြန်မာလုပ်သားတချို့လည်းလစာနဲ့ နေထိုင်စရိတ်မလောက်ငမှုကြောင့် ပြည်တွင်းကိုပြန်လာကြတယ်လို့ကြားရပါတယ်။

စင်ကာပူနဲ့ တခြားနိုင်ငံရောက်နေတဲ့မြန်မာတွေပြန်လာကြမှာပါ။ ဒီပြန်လာကြတဲ့လူတွေကို မြန်မာ့စံနှုန်းနဲ့ပဲပေးပြီး သုံးနိုင်ကြရင်လို့ စဉ်းစားမိပါတယ်။

ကမ္ဘာ့ထိပ်သီး G8 အဖွဲ့ဝင်နိုင်ငံဖြစ်လာတဲ့ ကနေဒါဟာ ဥရောပတစ်တိုက်လုံး စစ်မီးလျှံတွေ ဟုန်းဟုန်းတောက်နေတဲ့အချိန်မှာ ကနေဒီယံတွေက စစ်ကို မသိမသာရှောင်ပြီး စားနပ်ရိက္ခာတွေ၊ လက်နက်တွေကို တစ်နိုင်ငံလုံးကြိုးစား ပမ်းစားထုတ် လုပ်ကြတယ်။ ဒါကြောင့်မို့ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတဲ့အခါ အင်္ဂလန်နဲ့ ဥရောပနိုင်ငံတွေက ကုန်ကြွေးတွေနဲ့၊ ကနေဒါကတော့ အလျှင်အမြန် ကြွယ်ဝလာခဲ့တာပါပဲ။

ဒီလိုပါပဲ၊ အာရှရဲ့ သူရဲကောင်းဂျပန်ဟာလည်း ဒုတိယကမ္ဘာစစ်ဒဏ်၊





အဏုမြူဒဏ်တွေကြောင့် ပြာပုံထဲမှာ မှောက်လျက်လဲနေရာကနေ ဗီယက်နမ်- အမေရိကန်စစ်ပွဲမှာ အမေရိကန်လေယာဉ်တွေကို ဆီဖြည့်ပေး၊ စက်ပြင်ပေးနဲ့၊ ယနေ့အမေရိကန်အပါအဝင် ဥရောပနိုင်ငံတွေကို ထုတ်ကုန် အမြောက်အမြားတင်ပို့နေတဲ့ ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံကြီးဖြစ်လာခဲ့တာပါပဲ။

ဒါကြောင့်မို့ စာရေးသူတို့ ပြည်တွင်းစီးပွားရေးလုပ် ငန်းရှင်ကြီးများအနေနဲ့ဒီအချိန်မှာ အမျိုးသား အကျိုးစီးပွား (National Interest)အတွက်အားလုံးစုစုစည်းစည်းစနစ်တကျ ညှိနှိုင်းဆောင်ရွက်သွားကြဖို့လိုအပ်ပါတယ်။ ပြည်တွင်းက ပညာရှင်တွေကိုလည်း မြန်မာ့စံချိန်နဲ့ထိုက်သင့်တဲ့ လုပ်ခလစာများပေးပြီး အကျိုးအမြတ်ရနိုင်တဲ့လုပ်ငန်းတွေလုပ်ကိုင်နိုင်လို့ ကနေဒါလိုပြည်ပအခွင့်အလမ်းတွေကိုလည်း အမိအရဆုပ်ဖမ်းဖို့လိုပါတယ်။

စာရေးသူတို့ နိုင်ငံဟာ ဒေသတွင်းမဟာဗျူဟာကျမှု(Strategic Location)၊ သဘာဝသယံဇာတပေါကြွယ်ဝမှု၊ အထူးသဖြင့် ဓာတ်ငွေ့တွေထွက်တာပေါ့(Natural Resources)၊ လူ့စွမ်းအား အရင်းအမြစ်(Human Resources)စသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အဘက်ဘက်ကရေခံမြေခံကောင်းတွေပြည့်စုံနေပါတယ်။ အိုင်စီတီ လုပ်ငန်း တွေဖွံ့ဖြိုးဖို့မရှိမဖြစ်လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ၊ အဆင့်မြင့် ဆက်သွယ်ရေးစနစ်တွေ၊ စွမ်းအင်အတွက် လျှပ်စစ်မီးတွေကိုတော့ ဒီထက်တိုးတက်အောင် ကြိုးစားကြရပါမယ်။

လင်းသိုက်ညွန့် (မြန်မာ့မြေ)

နိုင်ငံတစ်နိုင်ငံ ခေတ်မီတိုးတက်ဖို့ ဒီခေတ်မှာ အိုင်စီတီလုပ်ငန်းတွေ မဖြစ်မနေဖွံ့ဖြိုးတိုးတက်ရပါမယ်။ အိုင်စီတီလုပ်ငန်းတွေ အာဆီယံနိုင်ငံများ နည်းတူဖွံ့ဖြိုးတိုးတက်ပြီး တခြားလုပ်ငန်းနယ်ပယ်တွေမှာလည်း အမျိုးသား အကျိုးစီးပွားအတွက် ပေါင်းစုလုပ်ဆောင်ကြလို့၊ လက်တလောကမ္ဘာ့ရေး ရာများကို စနစ်တကျ သုံးသပ်လုပ်ကိုင်သွားကြမယ်ဆိုရင် မြန်မာလည်း အာဆီယံမှာ နောက်ကျမကျန်ရစ်ခဲ့နိုင်ပါကြောင်း။

**7 Day News Journal**

**Vol:7, No-37**

ဒီဇင်ဘာ ၄ ၊ ၂၀၀၈ ခုနှစ်

**Ref:** မီးတောင်ကျွမ်းက မပို့ဖြစ်သော စာများ၊ (နီမင်းဆွေ)



# Korean Wave နှင့် ယနေ့လူငယ်

ဒီနေ့ကျွန်တော်စာသင်နေရင်း ကောင်မလေးတချို့ စကားပြောနေတာ တွေ့တာနဲ့ စာသင်တာ ခဏရပ်ပြီး ညီမတို့ဘာတွေဒီလောက်တောင် စိတ်ဝင် တစားပြောနေကြတာလဲလို့မေးကြည့်တော့ ကိုရီးယားမင်းသားတွေအကြောင်း ပြောနေကြတာတဲ့၊ ကောင်းရော။ အဲဒီကောင်မလေးတွေ ကိုသေချာကြည့်မိ တော့လည်း လူတစ်ကိုယ်လုံးဆံပင်ကခြေဖျားအထိ ကိုရီးယားပစ္စည်းတွေ။ မြန်မာနှင့်တူတာဆိုလို့(Made in Myanmar)ဆိုသည့် လူကိုယ်တိုင်ပဲ ရှိတော့သည်။ သေဟဲ့ နန္ဒိယပေါ့. . ။

အဲဒီ ကောင်မလေးတွေချည်းမဟုတ်ပါ။ ယနေ့ ကျွန်တော်တို့ မြန်မာ လူငယ်တွေ တော်တော်များများ ကိုရီးယားတို့၏ လွှမ်းမိုးမှုကို ခံမှန်းမသိခံနေ ကြရသည်။ ကြည့်လိုက်ကြသည့် ကိုရီးယားရုပ်ရှင်တွေ၊ ကိုရီးယား ဇာတ်လမ်း

တွဲလာတဲ့အချိန်ဆိုရင် အားလုံးထမင်းမေ့ ဟင်းမေ့၊ အလုပ်ပစ်၊ အကိုင်ပစ်။ ဟော. . ဆံပင်ကျတော့လည်း ကိုရီးယားပုံစံမှတဲ့။ ဝတ်တော့လည်း ကိုရီးယားဒီဇိုင်း၊ စားတော့လည်း ကိုရီးယားအစားအစာတဲ့။ ကဲ-ကောင်းကြရော၊ ကောင်းကြရော။ ဒီကြားထဲ မော်ဒယ်လ်ပြိုင်ပွဲတွေကအစ ကိုရီးယားရုပ်တူပြိုင်ပွဲတွေ၊ ဘာတွေဆိုပြီး လုပ်ကြပြန်တော့၊ အားလုံး မီးလောင်ရာလေပင့်ဆိုသလိုဖြစ်ကုန်ကြသည်။

သည်လိုပြောနေလို့ကျွန်တော့်ကို ခေတ်နောက်ပြန်ဆွဲနေသည့် ရှေးရိုးစွဲဝါဒီကြီး၍ဟု မထင်စေလိုပါ။ ကျွန်တော်ကိုယ်တိုင်ကအသက် ၂၂ နှစ်အရွယ်ယနေ့ခေတ် လူငယ်တစ်ယောက်သာဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့အနေနှင့်လွတ်လပ်ခေတ်မီသည်ဆိုကြရာ၌ မိမိတို့၏ကိုယ်ပိုင် ယဉ်ကျေးမှုလက္ခဏာများ လုံးဝပျောက်ပျက်သွားရလောက်အောင် အစွန်းမရောက်သွားကြဖို့ အထူးပင်လိုပါသည်။

ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားသွင်ပြင် လက္ခဏာတို့သည် လူမျိုးတစ်မျိုးအတွက်များစွာ အရေးကြီးပါသည်။ ဥပမာ-ပန်ချာပီလူမျိုးတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင် အနုသုခုမတို့ဖြင့် ကမ္ဘာ့အလယ်တွင် ခံ့ညားစွာရပ်တည်ခဲ့သော လူမျိုးများဖြစ်သည်။ သို့သော် အိန္ဒိယကိုအင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ပန်ချာပီတို့အား အဘက်ဘက်မှ စိတ်ဓာတ်ရေးရာ နှံချာအောင်တိုက်ခိုက်ခဲ့ကြသဖြင့် ပန်ချာပီတို့မှာမိလ္လာကျုံး၊ လံချားဆွဲ၊ ကူလီထမ်း စသည့်






အလုပ်များကိုသာလုပ်ကိုင်ခဲ့ကြရပြီး ယနေ့တွင် ယင်းတို့၏သုခုမယဉ်ကျေးမှုများ များစွာပျောက်ကုန်ကြသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ဤသည်မှာ ယဉ်ကျေးမှု ကိုယ်ခံအားမကောင်းသဖြင့် လူမျိုးပါ အညွန့်တုံးခဲ့ရသည့်ထင်ရှားသော ပြယုဂ်တစ်ခုပင်။


ယနေ့စစ်အေးကာလခေတ်နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံကြီးများသည်အချင်းချင်းလွှမ်းမိုးအားပြိုင်ကြရာ၌ ယခင်ကကဲ့သို့ စစ်လက်နက်၊ စစ်အင်အားစသည့် Hard Power များပေါ်တွင် များစွာအသုံးမပြုကြတော့ဘဲ ယဉ်ကျေးမှု၊ ဂီတစသည့် Soft Power များပေါ်တွင် များစွာအားပြုလာကြသည်။ အထူးသဖြင့် ဒီဘက်ခေတ်ပိုင်းတွေမှာ ကိုရီးယားတို့ဟာ ယင်းတို့ရဲ့ Soft Power အင်အားတောင့်တင်းလာအောင် သိသိသာသာ ကြိုးပမ်းလာကြတာကိုလေ့လာတွေ့ရှိရပါသည်။ ယင်းကို ကိုရီးယားအဆိုတော်“ရိန်း” ကဲ့သို့သော အနုပညာရှင်များတိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာ့သြဇာအရှိဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းတွင်ပါဝင်လာခြင်းစသည်တို့ကိုကြည့်၍ သိသိသာသာတွေ့မြင်နိုင်ပါသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့နှင့်အဝန်းကိုရိုက်ခတ်လာသည့်ကိုရီးယန်းတို့၏ Soft Power, Korean Wave ကြီးပင်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် ကမ္ဘာပြုမှု Globalization ဖြစ်စဉ်ကြီးအရ ကျွန်တော်တို့သည်လည်း ဤ Korean Wave ၏ရိုက်ခတ်မှုဒဏ်ကိုမလွဲမသွေခံကြရမည်ဖြစ်သည်။ လှိုင်းကတော့လာပါပြီ၊ ကျွန်တော်တို့မည်သို့တုံ့ပြန်ကြ

မလဲ။ စာရှုသူအနေနှင့် အောက်ပါပုံလေးနှစ်ပုံကို လေ့လာကြည့်စေချင်ပါသည်-



ပုံ-၁-



ပုံ-၂-

ဒီပုံနှစ်ပုံလုံးမှာလှိုင်းလာသည်ကတော့ အတူတူပင် ဖြစ်သည်။ သို့သော် လူနှစ်ဦး၏ပြုမူပုံကတော့ မတူပါ။ ပထမလူကလှိုင်း၏အောက်တွင် ပြားပြားမှောက်အရှုံးပေးသဖြင့် လှိုင်းကသူ့ကိုလွှမ်းမိုးသွားသည်။ ဒုတိယလူကတော့ ကျင်လည်စွာ ကူးခတ်တတ်သဖြင့်လှိုင်းကသူကို ထိပ်ဆုံးသို့ရောက်အောင် ပင့်တင်ဆောင်ရွက်ပေးသွားခဲ့သည်။

ဤကဲ့သို့ပင် ယနေ့ကျွန်တော်တို့လူငယ်တွေအနေနဲ့လည်း ပါးနပ်စွာ ပြုမူဆောင်ရွက်တတ်ကြဖို့လိုအပ်ပါတယ်။ သူတို့ကတော့ထိုးနှက်မြဲထိုးနှက်၊ တိုက်ခိုက်မြဲတိုက်ခိုက်နေကြမှာပဲဖြစ်သည်။ သူတို့ဘက်ကကြည့်လျှင်လည်း သူတို့လူမျိုးကောင်းစားရေး၊ သူတို့ယဉ်ကျေးမှု ပြန့်ပွားရေး ဆောင်ရွက်နေကြခြင်းဖြစ်၍အပြစ်ဆိုစရာမရှိပါ။ ကိုယ့်အလုပ်ကိုယ်လုပ်ကြရမည်သာ ဖြစ်ပါသည်။





အထူးသဖြင့် ကျွန်တော်တို့ လူငယ်တွေအနေဖြင့် ယင်းတို့ထံမှ ယူသင့်တာကိုယူ၍ ပယ်သင့်တာကိုပယ်ကာ ကောင်းစွာ Manage လုပ်နိုင်ကြရန်လိုသည်။ ကိုရီးယားဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှု၊ Living together နေထိုင်မှုပုံစံ၊ မိန်းကလေးများ၏ ကြွေ့ကျွေ့သိက္ခာမဲ့မှုများစသည့် အပေါ်ယံသွင်ပြင် Apperance များကို အတုယူခြင်းမျိုးကိုရှောင်ကြဉ်ကြရမည်။

ယင်းတို့အစား ကိုရီးယားတွေရဲ့အလုပ်ကြိုးစားမှု၊ အချိန်တိကျမှု၊ မျိုးချစ်စိတ်ရှိမှုစသည်တို့ကို အတုယူကာမိမိတို့နိုင်ငံနှင့်လူမျိုးကိုလည်း ကမ္ဘာ့အလယ်တွင်အဆင့်အတန်းမြင့်မားလာအောင် ကြိုးစားကြရမည်။

မှတ်မှတ်ရရ ကျွန်တော်ကြည့်ဖူးသည့် ကိုရီးယားဇာတ်လမ်းတွဲ တစ်ခုရှိသည်။ ဘာတဲ့ မြန်မာလိုပေးထားတဲ့ နာမည်ကတော့'တစ်ခါတုန်းက တက္ကသိုလ်'ဟုထင်သည်။ ဇာတ်လမ်းက ကိုရီးယားလူမျိုး ကောင်လေးနှစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ 'ဟားဗတ်'တက္ကသိုလ်မှာ 'ဥပဒေဘွဲ့' သွားတတ်ကြသည့်အကြောင်းဖြစ်သည်။ ကျွန်တော် ပြောချင်တာက အဲဒီထဲမှာ ဇာတ်လိုက်မင်းသားရော၊ မင်းသမီးရော၊ သူနဲ့ဇာတ်ပြိုင် မင်းသားရော သုံးယောက်စလုံး စာအလွန်ကြိုးစားကြသည်။ မျိုးချစ်စိတ်လည်း အလွန်ရှိကြသည်။ ဇာတ်လမ်းထဲက မင်းသားတစ်ယောက်ဆိုလျှင် ဟားဗတ်မှာကျောင်းလာတတ်တော့ အဆောင်က သူ့အခန်းမှာ'ကိုရီးယားအလံ' ကလေးကို ချိတ်ဆွဲထား သည်ကိုရိုက်ပြထားသည်ကို မှတ်မှတ်ရရ ရှိမိသည်။ နောက်

တစ်ခန်းက မင်းသားက အတန်းထဲမှာ စာမရတော့ သူနဲ့အပြိုင်မင်းသား နောက်တစ်ယောက်က"ဟော့ကောင် မရှက်ဘူးလား၊ စာမရဘဲ၊ မထူးချွန်ဘဲနှင့် တော့ မင်းကိုယ်မင်း ကိုရီးယားလူမျိုးလို့ဘယ်တော့မှမပြောနှင့်" စသည့် စကားလေးများမှာ ရင်ထဲသို့ထိထိမိမိရှိလှသည်။ ဒီရိုက်ချက်တွေ၊ ဒီစကား တွေကိုကြားပြီး မိမိတို့လူမျိုးကိုလည်း သူတို့လို တိုးတက်မြင့်မားလာအောင် ကြိုးစားလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာပါသည်။ ကြည့်တတ်မြင်တတ် လျှင် လူငယ်တွေ အတွက်များစွာအကျိုးရှိစေနိုင်သည့် ဇာတ်ကားဖြစ်ပါသည်။

ယနေ့ခေတ် ကမ္ဘာ့ကြီးတွင် မည်သည့်နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုမှ တစ်သီးပုဂ္ဂလ သီးခြားစီ မရပ်တည်နိုင်တော့ပါ။ အချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံနေကြရသည်သာဖြစ်ပါသည်။ သို့သော် ထိုသို့ ကူးလူးဆက်ဆံ နေကြရာ၌ ကိုယ့်ဘက်က သူများယဉ်ကျေးမှုတွေကို အယူပဲရှိပြီး အပေး ဘက်မှာ လုံးဝမရှိပါက ရေရှည်မှာ မိမိတို့လူမျိုး၏ ယဉ်ကျေးမှု ဓလေ့စရိုက် များ လုံးပါးပါးသွားနိုင်ပါသည်။ ယနေ့ မိမိတို့အကြားမှာကိုရီးယားကား၊ ကိုရီး ယား မင်းသား မင်းသမီးတွေသာမက ကိုရီးယားဆံပင်ပုံစံ၊ ကိုရီးယား အဝတ် အစားများကပါ အလွန်အကျွံ လွှမ်းမိုးနေပါသည်။ နောက်ဆုံး စားတာတောင် မှ 'ကိုရီးယားထမင်းလိပ်'မှဆိုသည်မျိုးမှာ များစွာသတိချပ်စရာ ကောင်းလှ ပါသည်။

ယနေ့ ကမ္ဘာကြီးမှာ နည်းပညာလှိုင်း (Technology Wave)၊ ယဉ် ကျေးမှုလှိုင်း(CultureWave) စသည်ဖြင့်လှိုင်း ပေါင်းစုံ၊ ကဏ္ဍဘက်ပေါင်း စုံ၊ ထောင့်ပေါင်းစုံမှ တိုက်ခတ်နေမည်သာဖြစ်သည်။ တားမရသည့် လှိုင်းများ တိုက်ခတ်လာမှုအပေါ် မိမိတို့က လိမ္မာပါးနပ်စွာ လှိုင်းအောက်မရောက်ဘဲ လှိုင်းပေါ်ရောက်အောင် အားထုတ်ကြရန်သာဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာလူငယ်တွေ လှိုင်းအပေါ်ရောက်နိုင်သည်ဟု ကျွန်တော်ကတော့ အပြည့်အဝ ယုံကြည့်ပါသည်။

**7 Day News Journal**

**Vol:7, No-38**

ဒီဇင်ဘာ ၁၁၊ ၂၀၀၈ ခုနှစ်

# ကံတရားကို စီမံခန့်ခွဲခြင်း

"အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာရှိသည်။ ကမ္မဒါ ယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓူ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကမ္မပ္ပဋိသရဏော၊ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည်။ ကလျာဏံဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံကမ္မံ၊ အကြင်ကံကို။ ကရိဿမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကောင်းမှု မကောင်းမှုကံ၏၊ ဒါယာဒေါ၊ ကောင်းမွေ ဆိုးမွေခံသည်။ ဘဝိဿမိ၊ ဖြစ်ရအံ့"

(ဂေါတမဗုဒ္ဓ-အဘိဏှသုတ်)

"Kamma is one's volition,and there fore it is one's own, one's inheritance, one's cause, one's kindred and one's refuge. If a person has done an action good or bad,he will have to experience its result accordingly"

**(Buddha)**





ယနေ့ခေတ်တွင် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ အမြောက်အမြား ပေါ်ပေါက်နေပါသည်။ ယင်းသင်တန်းများက သင်ပြသည်မှာ လောကီရေးရာကိစ္စများ၊ အကောင်အထည်ပြနိုင်သော လုပ်ငန်းဆောင်တာကိစ္စရပ်များ အတွက်သာ ဖြစ်သည်။

လူတစ်ယောက်၏ ကံကိုလည်း စီမံခန့်ခွဲ၍ရသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အိန္ဒိယ၌ ဂေါတမဗုဒ္ဓက သူ၏တပည့်သာဝကများအား ကံတရားကို စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ကောင်းစွာ သင်ကြားပို့ချခဲ့သည်။

အချို့က"ကံဆိုတာ အလုပ်ပဲ၊ အလုပ်ကောင်းရင် ကံကောင်းမယ်" ဟု ပြောကြသည်။ မှန်ပါသည်။ မြတ်စွာဘုရားကလည်း ကံဆိုတာ အလုပ်ဟု ဟောကြားခဲ့ပါသည်။ သို့သော် ဘုရားရှင်ဟောကြားခဲ့သည်မှာ (Kamma is one's Volition) ဆိုသည့်အတိုင်း ကံဆိုသည်မှာ'စေတနာ စေ့ဆော်မှုနှင့် ပြုလုပ်သောအလုပ်'ကိုခေါ်သည်။ တစ်နည်းအားဖြင့်"အထမြောက်သော အလုပ်"ကိုဆိုလိုခြင်းဖြစ်သည်။ ဦးတည်ချက်၊ ရည်ရွယ်ချက်ရှိ ရှိလုပ်ဆောင်သောအလုပ်ကိုဆိုလိုခြင်းဖြစ်သည်။ ဦးတည်ချက်မရှိ၊ ယုံကြည်ချက်မရှိဘဲ ယောင်ဝါးဝါးလုပ်နေသော အလုပ်ကိုဆိုလိုခြင်းမဟုတ်ပေ။

ဆရာဝန်ဖြစ်ချင်သူတစ်ယောက်သည် သက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ တက်ရောက်ပြီး ဆေးပညာကိုအပတ်တကုတ် အားထုတ်ခြင်းပြုပါမှ လူနာများကို ကုသနိုင်သော ဆရာဝန်တစ်ယောက်ဖြစ်လာပေမည်။ ဗုဒ္ဓဘာသာ၏

ကြောင်းကျိုးနိယာမ (Law of Cause and Effect)၊ သိပ္ပံပညာ၏ စကြ ဝဠာနိယာမ (Natural law of the Universe)အရ"ကံကောင်းခြင်း" ပင် ဖြစ်သည်။

"As a man grows so shall he reap" "သင်စိုက်ပျိုးသမျှသင်ရိတ်သိမ်းရမည်"ဟု စကားပုံတစ်ခုရှိသည်။ ပဲပင်စိုက်သူအဖို့ ပဲပင်ကိုသာ ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ ပဲပင်စိုက်ပြီး စပါးကို ရိတ်သိမ်းချင်၍မရ။

လူတစ်ချို့သည် အကြောင်းကိစ္စတစ်ခုကို စွဲစွဲမြဲမြဲ တစိုက်မတ်မတ် အားမထုတ်ဘဲ ကောက်ရိုးမီးသကဲ့သို့ ခေတ္တခဏစိတ်ပါတုန်းသာ အားထုတ်ကြပြီး မအောင်မြင်သောအခါ ကံတရားကို ယိုးမယ်ဖွဲ့ကြသည်။ "တတ်နိုင်သလောက်ကြိုးစားတာပဲ၊ အောင်မှ မအောင်မြင်တာ" ဟု ပြောလေ့ရှိကြသည်။ လုံလောက်သော အားထုတ်မှုမရှိပါက ကိစ္စတစ်ခုအောင်မြင်ဖို့(ဝါ) ကံကောင်းဖို့ဆိုသည်မှာ မဖြစ်နိုင်ပေ။

ထိပေါက်ရန်ပင် ထီလက်မှတ်ဝယ်ယူရမည်။ ယင်းမှာ ရိုးရှင်းသော မဖောက်ပြန်သည့်ထာဝရမှန်ကန်သော"ကမ္မနိယာမ"ပင်ဖြစ်သည်။

မကောင်းသော အတိတ်ကံ မည်မျှပင်ရှိခဲ့သည်ဖြစ်စေ ယခုမျက်မှောက်ပစ္စုပ္ပန်ကာလ၌စိတ်စေတနာကောင်း မွေးမြူကာသူတော်ကောင်းတရားပွားများနိုင်ပါက အတိတ်ကရှိခဲ့ဖူးသည့် အကုသိုလ်ကံများမှေးမှိန်ပြီး ကုသိုလ်ကံများ လျင်မြန်စွာအကျိုးပေးနိုင်သလို အနာဂတ်အတွက်လည်း "ပုဗ္ဗေစကတပုညတာ-ရှေးကတင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ" ဆိုသည့်အတိုင်း ကံကောင်းခြင်းမျိုးစေ့များကို စိုက်ပျိုးပြီးဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ အနာဂတ်ကာလတွင်လည်း မိမိစိုက်ပျိုးခဲ့သော"ကံကောင်းခြင်းမျိုးစေ့" များကြောင့်"ကံကောင်းခြင်းသစ်သီး"များကိုဆွတ်ခူးစားသုံးကြရကာ လောကီ၊ လောကုတ္တရာအောင်မြင်မှုပန်းတိုင်များကို ဆွတ်လှမ်းနိုင်မည်ဖြစ်သည်။

ယနေ့ ကံကောင်းခြင်း၊ ကံဆိုးခြင်းသည် မနေ့က မိမိပြုလုပ်ခဲ့သည်များနှင့်သက်ဆိုင်နေပြီး မနက်ဖြန်ကံကောင်းရန်မှာလည်း ယနေ့ မိမိပြုလုပ်မှုများနှင့်သက်ဆိုင်ပါသည်။

ပျော်ရွှင်သောဘဝ(Enjoyable Life)တစ်ခုဖန်တီးရန်အတွက် ကောင်းသော ဆောင်ရွက်မှု(Wholesome Action)များဖြင့်သာ ဖန်တီးနိုင်ပါသည်။ ကံတရားကိုသာ ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ပါက ဘဝတွင် အောင်မြင်မှုပန်းတိုင်များကို ဆွတ်လှမ်းနိုင်ဖို့ရာ ၁၀၀ ရာခိုင်နှုန်းသေချာနေပါသည်။

**7 Day News Journal**

**Vol:4, No-21**

ဩဂုတ် ၄၊ ၂၀၀၅ ခုနှစ်

# ကျွန်တော်တို့အကြားမှာ ထွန်းကားဖို့လိုအပ်နေတဲ့ ပရော်ဖက်ရှင်နယ် စိတ်ဓာတ်

မြန်မာ့ဘောလုံးလောကရဲ့ ထင်ရှားတဲ့ တိုးတက်မှု (Historic Development)အဖြစ် မြန်မာနေရှင်နယ်လိဂ်ကို ဒေသအလိုက် အသင်းများဖွဲ့စည်းပြီး စတင်ကျင်းပခဲ့ရာမှာ ပရိသတ်များက တစ်ခဲနက် အားပေးကြပြီး ထူးထူးခြားခြားအောင်မြင်ပါတယ်။ ဒါပေမယ့် ပရိသတ်တချို့ဟာ ဒေသစွဲလွန်ကဲစွာအားပေးတာကြောင့် ပရော်ဖက်ရှင်နယ် အဆင့်နဲ့မကိုက်ညီတဲ့ အားပေးမှုပုံရိပ်တချို့ကိုလည်းတွေ့ မြင်ကြရပါတယ်။

တကယ်တော့ ကျွန်တော်တို့ မြန်မာဘောလုံးလောကမှာ Professional စိတ်ဓာတ်အားနည်းခဲ့တာ ဟိုးယခင်ကတည်းကပါ။ ပြီးခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲတွေ၊ တိုက်ဂါးဖလား၊ ဆူဇူကီးဖလားပြိုင်ပွဲတွေကို ပြန်လည်သုံးသပ်ကြည့်ရင်လည်း မြန်မာဘောလုံးအသင်းဟာ ပရော်ဖက်ရှင်နယ်စိတ်





ဓာတ်၊ မပြည့်ဝခဲ့လို့ အောင်မြင်မှုရသင့်သလောက် မရရှိခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ခုလို ပရော်ဖက်ရှင်နယ်လိဂ်အဖြစ် ကူးပြောင်းကြတဲ့အခါမှာ ကစားသမား တွေသာမက ပရိသတ်တွေကပါ ပရော်ဖက်ရှင်နယ် စိတ်ဓာတ်ရှိအောင်ကြိုးစားကြရပါမယ်။ တကယ့်တကယ်ပြောကြစတမ်းလို့ဆိုရင် ကျွန်တော်တို့ပြိုင်ချင်တာ၊ ပြိုင်ရမှာ ကရန်ကုန်နဲ့ မန္တလေး၊ ရန်ကုန်နဲ့ မကွေး မဟုတ်ပါဘူး။ ရန်ကုန်နဲ့ နယူးယောက်၊ ရန်ကုန်နဲ့ စင်ကာပူ၊ ရန်ကုန်နဲ့ ရှန်ဟိုင်း၊ ရန်ကုန်နဲ့တိုကျို ယှဉ်ပြိုင်အောင်ကြိုးစားကြရမှာဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော်ကို မြန်မာလူမျိုးများဟာ ဟိုးရှေးယခင်ကတည်းက ပရော်ဖက်ရှင်နယ် စိတ်ဓာတ်ပြည့်ဝခဲ့တဲ့လူမျိုးများဖြစ်ပါတယ်။ ဓနုဖြူခံတပ်မှာ (Professional) ဆန်စွာကျဆုံးခဲ့တဲ့ မင်းကြီးမဟာဗန္ဓုလ၊ ဘိုး တော်ဗဒုံမင်းနှင့် ပညာရှင်အမတ်ကြီးဦးပေါ်ဦး၊ ပခန်းဝန်ကြီးဦးရန်ဝေး စသည်တို့မှာ မြန်မာလူမျိုးများ၏ဂုဏ်ယူဖွယ်ရာ အစဉ်အလာ ပရော်ဖက်ရှင်နယ်ပုံရိပ်များဖြစ်ပါတယ်။

တကယ်တော့ လူဆိုတာ မွေးဖွားကတည်းက အတ္တကိုကိုင်စွဲပြီး မွေးဖွားလာကြတာပါ။ ဒါပေမယ့် တကယ့် တကယ် ဘဝဆိုတာက အမြဲတမ်း ကိုယ်ချည်းပဲ အသာရနေတာမျိုးမဟုတ်တဲ့အတွက် ရှုံးနိမ့်ကျဆုံးတဲ့အခါမျိုးမှာလည်း ပရော်ဖက်ရှင်နယ်ဆန်စွာ အရှုံးပေးတတ်ကြမှာသာ ဘဝရဲ့ အောင်မြင်မှုတွေကို ရယူပိုင်ဆိုင်နိုင်ကြမှာပါ။

အထူးသဖြင့် ကျွန်တော်တို့နိုင်ငံဟာ လက်ရှိမျက် မှောက်ကာလမှာ လွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီ နိုင်ငံတော် သစ်ဆီကို အသွင်ကူးပြောင်းနေတဲ့ အသွင်ကူးပြောင်းမှုကာလ Transitional Period ဖြစ်ပါတယ်။ နောင်ပေါ်ထွန်းလာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ အောင်မြင်စွာ Play လုပ်နိုင်ကြဖို့အတွက် အဓိက Players တွေဖြစ်တဲ့ ကျွန်တော်တို့ မြန်မာပြည်သူတွေမှာ ပရော်ဖက်ရှင်နယ် စိတ်ဓာတ်တွေပြည့်ဝနေဖို့လိုပါတယ်။

မြန်မာပြည်သူတွေလို့ဆိုတဲ့နေရာမှာ ဗမာလူမျိုး ဗုဒ္ဓဘာသာတွေကိုချည်းဆိုလိုတာမဟုတ်ပါဘူး။ တခြား မြန်မာနိုင်ငံသားတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝတိုင်းရင်းသားတွေအပြင် ကိုးကန့်၊ တရုတ်၊ အိန္ဒိယ၊ ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ် ဘာသာဝင်အားလုံးကပါ ပရော်ဖက်ရှင်နယ်စိတ်ဓာတ် ပြည့်ဝစွာနဲ့တစ်နိုင်ငံ၊ တစ်မျိုးသားစိတ်ဓာတ် (One Country, One Nation, One Union) စိတ်ဓာတ်များနဲ့စုစည်းဆောင်ရွက်သွားကြမှသာ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ အသီးအပွင့်တွေကို ကျွန်တော်တို့တစ်တွေ အောင်မြင်စွာ ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

တကယ်တော့ မန္တလေးလည်း မြန်မာပါပဲ။ ဧရာဝတီလည်း မြန်မာပါပဲ။ မကွေးလည်း မြန်မာပါပဲ။ မြန်မာနိုင်ငံထဲမှာ မြန်မာနိုင်ငံသားအဖြစ်နေရင် တရုတ်လည်းမြန်မာပါပဲ။ အိန္ဒိယနွယ်ဖွားတွေကလည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြတဲ့ မြန်မာတွေပါပဲ။





Football contains little fever of war.

"ဘောလုံးအားကစားမှာ စစ်ရဲ့အဖျားသွေးလေးနည်းနည်းရှိပါတယ်" ဆိုတဲ့ စကားလေးတစ်ခွန်းရှိပါတယ်။ ကျွန်တော်တို့တစ်တွေက ပရော်ဖက်ရှင်နယ် စိတ်ဓာတ်တွေနဲ့ ဒီအဖျားသွေးကို ဖောက်ထုတ်ကြရမှာပါ။

ကျွန်တော် ထပ်ပြီးပြောချင်တာက တကယ်တမ်း ကျွန်တော်တို့တစ်တွေ ပြိုင်ချင်တာ၊ ပြိုင်ရမှာကရန်ကုန်နဲ့ရတနာပုံ၊ ရန်ကုန်နဲ့မကွေး၊ ရန်ကုန်နဲ့ ဒယ်လ်တာ မဟုတ်ပါဘူး။ ရန်ကုန်နဲ့နယူးယောက်၊ ရန်ကုန်နဲ့စင်ကာပူ၊ ရန်ကုန်နဲ့ ပေကျင်း၊ ရန်ကုန်ဆိုးလ်၊ ရန်ကုန်နဲ့တိုကျိုယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်ကြောင်း ထပ်လောင်းအသိပေးလိုပါတယ်။

**7 Day News Journal**
**Vol:8, No-31**
အောက်တိုဘာ ၁၅၊ ၂၀၀၉ ခုနှစ်

# တို့မြန်မာတွေ အာရှကျားဖြစ်စေဖို့

ယနေ့ ဂျပန်ဦးဆောင်သည့် တရုတ်၊ ဟောင်ကောင်၊ စင်ကာပူ စသည့် မိမိတို့၏ အာရှအင်အားစုသည် ကမ္ဘာ၏အတောင့်တင်းဆုံးသော စီးပွားရေး ရပ်ဝန်းကြီးဖြစ်လာနေချေပြီ။ ယခင်ကခေတ်နောက်ကျခြင်းများ၊ အယူသည်း မှုများဖြင့်နောက်ကျကျန်ရစ်ခဲ့သောအာရှသည် ယနေ့ ဥရောပ ဘီလူးကြီး များကို အနိုင်ယူရန်တာစူနေချေပြီ။

အမေရိကန်တို့၏ အဏုမြူဗုံးဒဏ်ခံခဲ့ရပြီးနောက် ၁၉၄၅ ခုနှစ် စက် တင်ဘာ ၂ ရက်တွင် ဂျပန်ဧကရာဇ်သည် တိုကျိုမြို့၌ အမေရိကန်တို့ထံ တရားဝင်လက်နက်ချခဲ့ရပါသည်။ သို့သော် ဂျပန်တို့လက်နက်ချသည်မှာ စစ်ပွဲတစ်ခုတည်းသာ။ တစ်ဘက်မှာ စစ်ရေးအရ ရှုံးခဲ့ရသောဂျပန်တို့သည် တစ်ဘက်မှာ စီးပွားရေးအရ အမေရိကန်တို့ကို စစ်ကြေညာခဲ့သည်။ ယင်းသို့ ကြေညာခဲ့သော စစ်သည် ယနေ့မှာ အောင်မြင်နေပါပကော။ ယနေ့ဂျပန်





သည် တစ်နှစ်လျှင် အမေရိကန်ထံမှဝယ်သည့် သွင်းကုန်တန်ဖိုးထက် ဒေါ်လာ ၅၅ ဘီလျံဖိုး ပို၍ အမေရိကန်သို့ ပို့ကုန်အဖြစ် ရောင်းချနေရခြင်းက ဤ အချက်ကို အပြည့်အဝ သက်သေခံလျက်ရှိသည်။

ယနေ့ အာဆီယံ ၁၀ နိုင်ငံတွင် အအောင်မြင်ဆုံးစင်ကာပူကိုပဲ ကြည့်ပါ။ ၁၈၁၉ ခုနှစ်လောက်က စင်ကာပူသည် အလွန်တရာ နုံချာလှသည့် ဘယ် သူမှ မသုံးသော ဆိပ်ကမ်းကလေးတစ်ခုသာ။ သယံဇာတကလည်း ဘာဆို ဘာမှမရှိ။ နောက်ဆုံး သောက်သုံးရေကိုပင် လုံလုံလောက်လောက်မရ။ ဤ သို့သော် အခြေအနေမှ စင်ကာပူသည် ယနေ့တွင် ကမ္ဘာကအလေးထား ရသော စင်ကာပူဖြစ်နေချေပြီ။ အဘယ်ကြောင့်နည်း။

နောက်အာရှ၏ **အံ့ဖွယ်**သူရဲကောင်းတစ်ယောက်ကား “ကိုရီးယား”။ ရာစုနှစ်ပေါင်းများစွာ စစ်မြေပြင်ဖြစ်ခဲ့ပြီးတရုတ်၊ ဂျပန်တို့၏ ကျူးကျော်မှုကို မကြာခဏခံခဲ့ရသော ဟိုးအရင်က နိုင်ငံငယ်လေးသည် ယနေ့ကမ္ဘာကို ကိုင် လှုပ်နိုင်နေပြီ။ မြောက်နှင့်တောင် ပဋိပက္ခများရှိနေသေးလင့်ကစား ကိုရီး ယားတို့သည် ယနေ့အောင်နိုင်သူများအဖြစ် ကျွန်ုပ်တို့ လက်ခံနေရပြီ မဟုတ် ပါလော။

ယင်း ဂျပန်၊ တရုတ်၊ ကိုရီးယားတို့သည် ယနေ့ကျွန်တော်တို့ မြင်တွေ့ နေရသော အခြေအနေများကို နတ်ရေကန်ထဲခုန်ဆင်းလိုက်သလို ချက်ချင်း လက်ငင်းရောက်လာကြတာပါလား၊ မဟုတ်ပါ။ စိတ်ဓာတ်၊ ဖွဲ့ မခံချင်စိတ်

တို့ကို အရင်းတည်ကာ စည်းစနစ်ရှိရှိ စနစ်တကျ တစ်မျိုးသားလုံး မခိုမကပ် အလုပ်လုပ်ခဲ့ကြ၍ ဖြစ်သည်။

သို့ဆိုလျှင် မိမိတို့ကော၊ ယနေ့ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ (Developing Country) တစ်ခုဖြစ်ပါသည်။ အမှန်တိုင်း ဝေဖန်သုံးသပ်ရလျှင် ယနေ့မိမိတို့၏ ဖွံ့ဖြိုးတိုးတက်နှုန်းမှာ အလွန်နှေးကွေးနေသေးသည်။ သို့သော် မိမိတို့သည်အတိုင်း နေနေကြမည်လော။ ပထဝီအနေအထားအရ၊ သယံဇာတကြွယ်ဝထွက်ရှိမှုအရ မိမိတို့နိုင်ငံသည် စင်ကာပူ၊ ဂျပန် စသော နိုင်ငံများထက် အစစအရာရာ သာလွန်ပါသည်။ သူတို့နိုင်ငံ၊ သူတို့ လူမျိုးတွေတောင် ကြိုးစားနိုင်ကြလျှင် မိမိတို့ကရော ဘာလို့ မကြိုးစားနိုင်ကြပါမည်နည်း။

သို့သော် ထိုသို့ ကြိုးစားကြရာ၌မိမိတို့အနေဖြင့် နိုင်ငံခြားကိုချည်း လှမ်းထွက်ပြီး အလုပ်တွေလုပ်နေလို့မဖြစ်ပါ။ တည်ဆဲအစိုးရများကိုချည်း လှမ်းပိမ့်ပြီးအပြစ်ပြောနေလို့မဖြစ်ပါ။ ငွေမရှိလို့၊ အရင်းအနှီးမရှိလို့ဆိုပြီး ဘေးထိုင်ဘုပြောနေ၍တော့ ဘယ်လိုမှမဖြစ်ပါချေ။ အဓိကအရေးကြီးသည်မှာ စိတ်၊ တစ်နည်းအားဖြင့် မခံချင်စိတ်ပင်ဖြစ်သည်။ တကယ်တမ်း တစ်မျိုးသားလုံး မခံချင်စိတ်၊ ရှက်စိတ်တို့ဖြင့်တက်ညီလက်ညီ အလုပ်လုပ်ကြပါက မိမိတို့တစ်တွေလည်း တစ်ချိန်မှာ အာရှကျားတွေဖြစ်လာနိုင်သည်။ ဖြစ်ကိုဖြစ်လာနိုင်ပါသည်။





ဒါကြောင့် ဒီမခံချင်စိတ်၊ ရှက်စိတ်၊ အလုပ်လုပ်ချင်စိတ်တွေ ဖြစ်ပေါ်လာကြဖို့တရုတ်၊ ဂျပန်တို့ရဲ့ အလုပ်နဲ့ပတ်သက်တဲ့သဘောထား တချို့ကို တင်ပြလိုက်ရပါသည်။ မိမိတို့ အာရှကျားဖြစ်ရေး ကြိုးပမ်းကြရာ၌ အားဆေးများအဖြစ် သောက်သုံးနိုင်ကြဖို့ဖြစ်သည်။

'အမေရိကန်လူမျိုးသည် ပင်ကိုအရ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်လုပ်ချင်သော လူမျိုးဖြစ်ပြီး ကာတယ်လ်ကြီးများဖွဲ့၍ လုပ်ဖို့ဆိုသည်မှာ တော်တော်ခက်သည်။ ဂျပန်တို့ကမူ အမျိုးသား အကျိုးစီးပွားအတွက်ဆိုကာ ကာတယ်လ်ကြီးတွေဖွဲ့သည်။ ဂျပန်ဆိုသော လူမျိုးသည် လူတစ်ရာလောက်ညွှန်ကြားသည့်တိုင် 'အမျိုးသားဆန္ဒ'ဟူသော ခေါင်းစဉ်အောက်တွင် ရည်မှန်းချက်အတွက် လူတစ်ကိုယ်တည်းလို စုစည်းနိုင်သော လူမျိုးဖြစ်သည်'

'အမေရိကန် ပစ္စည်းတစ်ခုခု ဝယ်တယ်ဆိုပါတော့။ ဒီနောက်မှာ ဌာနတွေ၊ ဒါမှမဟုတ် ကုမ္ပဏီတွေက ကွဲသွားကြတယ်။ ဒါမှမဟုတ် ပေါင်းသွားကြတယ်။ ဒီမှာ ကျွန်တော်တို့ လိုချင်တဲ့ပစ္စည်းရောက်မလာဘူး။ အမေရိကန်ကနေ အထွေထွေသုံး ကွန်ပျူတာတစ်လုံးဝယ်တယ်ဆိုပါတော့။ အမေရိကန်က ရောက်လာဖို့ ခြောက်လကနေ ရှစ်လအထိ ကြာနိုင်တယ်။ ဂျပန်တွေက သုံးရက်အတွင်း အရောက်ပို့ပေးတယ်'

ချန်လီအန်း

(တရုတ်(တိုင်ပေ)အမျိုးသားသိပ္ပံကောင်စီဥက္ကဋ္ဌ)

“ကျွန်တော်တို့ လူမျိုးဟာ တခြားလူတွေထက်သာတယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုဟာလည်း တခြားယဉ်ကျေးမှုတွေထက်သာတယ်ဆိုတဲ့ အယူအဆကို လုံးဝစွန့်လွှတ်ဖို့ကောင်းပြီ။ ကိုယ့်ကိုယ်ကို ကမ္ဘာကြီးရဲ့ဗဟိုလို့ထင်နေရင် နိုင်ငံခြားတိုင်းပြည်တွေရဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့ သင်ယူနိုင်မှာ မဟုတ်ဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့ရဲ့ တိုးတက်မှုဟာလည်း သိပ်ပြီးနှေးသွားလိမ့်မယ်”

**ယင်ယာချီ**

**(တရုတ်ပြည်လူမှုသိပ္ပံတက္ကသိုလ် ကျောင်းအုပ်ကြီး)**

“စင်ကာပူအဲယားလိုင်းက အလုပ်လိုချင်တဲ့ ကောင်မလေးတွေကို ခန့်တာဗျ။ လိုအပ်မှုက အဓိက အရည်အချင်းပဲ။ အဲဒီတော့ အလုပ်ထဲဝင်လာတော့လည်း ကြိုးကြိုးစားစားလုပ်ကြတော့တာပေါ့။ အလုပ်လိုတဲ့သူကို အလုပ်ပေးတယ်။ ချိုင်းနားအဲယားလိုင်းရဲ့ ပထမဆုံးအရည်အချင်းကတော့ အလုပ်မလိုတဲ့သူဖြစ်ရမယ်။ လူချမ်းသာသားသမီးတွေက နိုင်ငံခြားသွားချင်တယ်။ လေယာဉ်မယ်လုပ်ရတာကို ဂုဏ်ရှိတယ်လို့ ထင်တယ်။ သူတို့အဖို့ ဘာအရည်အချင်းမှ မလိုဘူး။ မိသားစုအဆက်အသွယ်ပဲလိုတယ်။ သူတို့ကို ဘယ်သူမှလည်း ထုတ်ပစ်လို့မရတော့။ ကျွန်တော်တို့ အဲယားလိုင်းက ဘယ်လိုလုပ် ဆားဗစ်(Service)ကောင်းနိုင်ပါတော့မလဲ”

**တာဝန်ရှိသူတစ်ဦး (ချိုင်းနားအဲယားလိုင်း)**





“တိုက်ပွဲတိုက်နေတုန်း မရပ်နှင့်၊ အောင်ပွဲရလျှင် သဘောထားကြီး”

**မစ္စတာချူယောင်တန်း**

**(ဖော်မိုဆာပလတ်စတစ်ကော်ပိုရေးရှင်း)**

“ဂျပန်တွေဟာ နံပါတ်တစ်ဖြစ်ရုံနဲ့ အားမရကြသေးဘူး။ ခုသူ တို့နံပါတ်တစ်ဖြစ်နေပြီပဲ။ ဒါပေမယ့် မရဘူး။ နံပါတ်နှစ်လည်း သူတို့ပဲ ဖြစ်ချင်တယ်။ နံပါတ်သုံးလည်း သူတို့ပဲဖြစ်ချင်တယ်”

**ဒီယန်လင်း**

**(သတင်းစာဆရာမ)**

“ကျွန်တော်ကို ၁၉၄၈ ခုနှစ်မှာမွေးပါတယ်။ ကျွန်တော်တို့ အမျိုးထဲမှာ ဆင်းရဲတာကိုတွေ့တာဟာ ကျွန်တော်တို့မျိုးဆက်က နောက်ဆုံးပဲ။

**စတီဗင်ရှား**

**(သိပ္ပံပညာပါမောက္ခ၊ တရုတ်(တိုင်ပေ)တက္ကသိုလ်)**

“တချို့ကိစ္စတွေမှာတော့ ကျွန်တော့်ထက် တော်တဲ့လူတွေရှိပါသေးတယ်။ ဒီတော့ ကျွန်တော်လေ့လာပြီး အမီလိုက်ရမှာပေါ့။ ကမ္ဘာ့မှာ ကျွန်တော်နံပါတ်တစ်ဖြစ်ရမယ်”

**တာကာနိုရိဖူကူရှိမား**

**(ခွဲစိတ်အထူးကု ဆရာဝန်ကြီး)**

ကျွန်တော်တို့လည်း တစ်နေ့ သူတို့နေရာရောက်လာနိုင်ပါသည်။ မြန်မာတွေ အာရှကျားဖြစ်ဖို့ တစ်မျိုးသားလုံးကြိုးစားကြပါစို့။

**7 Day News Journal**

**Vol:6, No-31**

အောက်တိဘာ ၂၅၊ ၂၀၀၇ ခုနှစ်



## မြန်မာတွေ အပျော်ကြီးပျော်ခဲ့တဲ့ အပျော်ချို ဆောင်းည

ယနေ့ကား ဂရင်းရှိုင်ရယ်လ် ဖိတ်ခေါ် ဖလားပြိုင်ပွဲကျင်းပမည့်နေ့။ သည်နှစ်ဆိုလျှင် ဂရင်းရှိုင်ရယ်လ်ဖလားပြိုင်ပွဲကို ကျင်းပခဲ့တာ သုံးနှစ်ရှိပြီ။ မြန်မာအသင်းပေါ့ဆိုလျှင် မန်ယူပစ်၊ ချဲလ်ဆီးပစ် အားပေးကြတဲ့ မြန်မာ ပရိတ်သတ်တွေကတော့ အရင်နှစ်တွေကလည်း အားပေးကြပေမယ့် ဒီနှစ် တော့ ခါတိုင်းနှစ်ထက်ပိုသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ်ပြိုင်ပွဲဝင်ကြတဲ့ အသင်းက စုစုပေါင်း ခြောက်သင်း။ ဗီယက်နမ် အိုလံပစ်အသင်း၊ ကိုရီးယား ဟွန်ဒိုင်းကလပ်၊ မလေးရှား လက်ရွေးစင်အသင်း၊ ဘင်္ဂလားဒေ့ရှ် လက်ရွေး စင်အသင်းနဲ့ အင်ဒိုနီးရှား လက်ရွေးစင်အသင်း။ ပြီးတော့ အိမ်ရှင်မြန်မာ အသင်းဆိုတော့ ဒီနှစ်ပြိုင်ပွဲဝင်ကြမယ့်အသင်းတွေက ခါတိုင်းနှစ်ထက် ပိုမို တောင့်တင့် အဆင့်မီကြသည်။ ပြီးတော့လာမယ့် ဆူဇူကီးဖလား ဖိတ်ခေါ် ပြိုင်ပွဲ(ယခင်တိုက်ဂါးဖလားပြိုင်ပွဲ)ကျရင်မြန်မာအသင်းနှင့် ပြန်လည်တွေ့ကြ

ရမယ့် ဒေသတွင်းပြိုင်ဘက် အင်ဒိုနီးရှားနဲ့မလေးရှားတို့လည်း ပါဝင်ကြမှာမို့ ပွဲစဉ်တွေက ပိုကြည့်ကောင်းမည်ပေါ့။

အုပ်စုတွင်းမှာ ဘင်္ဂလားဒေ့ရှ်နှင့် သရေကျလိုက်တုန်းက မြန်မာအသင်းကို လူတွေက သိပ်စိတ်မဝင်စားလှသေး။ ဒါပေမယ့် အကြိုဗိုလ်လုပွဲစဉ်မှာ အစဉ်အလာပြိုင်ဘက်မလေးရှားကို ၄ ဂိုး ၁ ဂိုးနဲ့ ဖြစ်အောင်ခြေအသာ၊ ဂိုးအသာနဲ့ကစားပြလိုက်တော့ မြန်မာပရိသတ်တွေ လက်ခမောင်းခတ်ကုန်ကြသည်။ ဒီထဲမှာ မောင်လင်းသိုက်ညွန့်တို့လည်း ထိပ်ဆုံးကပေါ့။ သူငယ်ချင်းတွေစုပြီး ဗိုလ်လုပွဲကျင်းပရာ သုဝဏ္ဏကွင်းမဟာဆီကို ချီတက်ကြမည်ပေါ့။ နဖူးစည်းတွေ၊ အလံတွေကိုလည်း တစ်ရက် အလိုလောက်ကတည်းက ပြင်ထားကြတာ၊ ဆင်ထားကြတာ။ အဲအဲ အထူးအတန်းလက်မှတ်ရဖို့တော့ အဲဒီနေ့မှ ကွင်းထဲကို အစောကြီးသွားရမယ်ဗျို့။

ညနေ ၃ နာရီမှ ကန်မယ့်ပွဲကို ကျွန်တော်တို့ နေ့လယ် ၁၂ နာရီကတည်းက ထွက်ခဲ့ကြသည်။ သုဝဏ္ဏကွင်းကိုရောက်တော့ နေ့လယ် ၁ နာရီထိုး။ လား လား ဒါတောင်ကွင်းအပြင်မှာ ကျွန်တော်တို့ထက်ကြိုရောက်နှင့် နေသည့်ကားတွေက အများအပြား။ ဒီလိုဆိုတော့လည်း ကျွန်တော်တို့ မြန်မာပရိသတ်တွေက ကိုယ့်အသင်း ကိုယ်တော်တော်ချစ်ကြပါလားလို့ တွေးလိုက်မိသေး။ ကျွန်တော်တို့ မြန်မာပရိသတ်တွေ ဘောလုံးပွဲအားပေးပုံနဲ့ပတ်သက်လို့ ကျွန်တော်မိတ်ဆွေနိုင်ငံခြားသားတစ်ယောက်က ခုလိုပြော





ဖူးသည်။ ဘာတဲ့ 'ဟား ဟား မင်းတို့ ပရိသတ်တွေ အားပေးပုံကတော့ အံ့မခန်းပါပဲဟေ့၊ ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးလ်ကိုတောင် သူ့ပရိသတ်တွေက ဒီလောက်အားမပေးဘူး'တဲ့။

တကယ်လည်းဟုတ်တာပဲ။ လား. . . လား ကျွန်တော်တို့ ကွင်းထဲဝင်ဝင်သွားချင်းတွေ့လိုက်ရတာ အနီရောင်လှိုင်းလုံးတွေ တလိပ်လိပ်ထနေတဲ့ သမုဒ်ပြင်ကြီးကျနေတာပဲ။ ဘေးပတ်ပတ်လည် ကြည့်ကြည့်လိုက်သမျှတိုင်းဟာအနီရောင်တွေချည်းပဲ။ မြန်မာနိုင်ငံတော်အလံကြီးငယ်တွေ၊ မြန်မာနဖူးစည်းတွေ၊ တို့မြန်မာနိုင်ငံပြီ ဆိုင်းဘုတ်တွေ၊ အံမယ် အံမယ် ဟိုဘက်ထောင့်နားမှာဆို ရေးထားတာက ဘာတဲ့ အာရှကျားကြီးနိုးလာပြီတဲ့။ အဲဒါတွေကို ကြည့်ရင်းနဲ့စိတ်ထဲမှာ နေရင်းထိုင်ရင်းကို ရှိန်းတိမ်း၊ ဖိန်းတိမ်းနဲ့ ပျော်သလိုလို၊ တက်ကြွသလိုလိုနဲ့ အလိုလိုနေရင်းကို တက်ကြွကြည့်နူးနေတော့တာပါပဲ။ ဒါပဲ ထင်ပါရဲ့ဗျာ။ မျိုးချစ်စိတ်ဆိုတာ။

အဲ့သလိုလိုနဲ့တဖြည်းဖြည်း လူတွေပြည့်လာလိုက်တာ။ အားပါးပါး ၃ နာရီလည်းထိုးရော၊ အထူးတန်းရော၊ ရိုးရိုးတန်းပါ လေးဘက်လေးတန်လုံး လူတွေပြည့်လျှံသွားလိုက်တာ။ ရိုးရိုးတန်းက မီးရှူးတိုင်ပေါ်ကို လူတွေတက်အားပေးရတဲ့ အထိပဲဗျို့။ ပုံမှန်အတိုင်းဆိုရင် သုဝဏ္ဏကွင်းက လူသုံးသောင်းငါးထောင်ဆံ့တာ။ ဒီကနေ့ အားလုံးက ထိုင်စရာမရှိအောင် ကျပ်ကျပ်သိပ်သိပ် အားပေးနေကြတဲ့အပြင် လူသွားစရာစင်္ကြံတွေမှာပါ အပြည့်ဆိုတော့

စုစုပေါင်း ၁ သိန်းလောက်ရှိမယ်ထင်တယ်ဗျ။ အင်္ဂလန်က အင်္ဂလိပ်ပရီးမီးယားလိဂ်မှာ ချဲလ်ဆီးတို့၊ မန်ယူတို့လိုထိပ်သီးအသင်းကြီးတွေ ထိပ်တိုက်တွေ့ကြတဲ့ပွဲတွေမှာတောင် ပရိသတ်က အလွန်ဆုံးလေးသောင်း၊ ငါးသောင်းပဲ။ ကဲ-သည်လောက်ဆို ကမ္ဘာ့ထပ်သီး ဘောလုံးအင်အားကြီးနိုင်ငံက ပရိသတ်တွေနဲ့ ကျွန်တော်တို့ မြန်မာပရိသတ်တွေရဲ့ အားပေးပုံကို နှိုင်းယှဉ်ကြည့်ကြပေါ့။

ပွဲစစချင်း လေး၊ ငါးမိနစ်လောက်မှာ မြန်မာအသင်းက ဦးဆောင်ဂိုးစသွင်းတော့ မြန်မာပရိသတ်တွေရဲ့ အားပေးသံက ဘဝင်ညံသွားသည်။ ဒါပေမယ့် ပထမပိုင်း ပြီးခါနီးမှာပဲ အင်ဒိုနီရှားဘက်က ဖြတ်တင်လိုက်တဲ့ဘောလုံးက မြန်မာနောက်ခံလူနဲ့ မတော်တဆထိပြီး ဂိုးထဲရောက်သွားလို့ အင်ဒိုနီးရှားတို့ ချေပဂိုးပြန်ရသွားသည်။ ဒါလည်း မြန်မာပရိသတ်တွေက မလျှော့။ 'မြန်မာနိုင်ပြီ တို့မြန်မာပေ့'ဆိုပြီးအားပါးတရ အော်ဟစ်အားပေးနေကြဆဲ။ ပွဲကစားချိန်တစ်လျှောက်လုံး အဲ့သလို အော်ဟစ်အားပေးသံတွေ ကလုံးဝ လုံးဝရပ်မသွားခဲ့။ သူမောရင် ကိုယ်အော်၊ ကိုယ်မောရင် သူအော်နဲ့ အာဂမြန်မာပရိသတ်တို့၏ အားပေးပုံကတော့ အောချရလောက်ပါပေ့။

ဒုတိယပိုင်းမှာတော့ မြန်မာအသင်းက အချိတ်အဆက်မိမိနဲ့ ကစားပုံပိုမိုကောင်းမွန်လာသည်။ အဲ့သလို ကစားရင်း မကြာမီမှာပဲ စိုးမြတ်မင်းက မြန်မာအသင်းအတွက် အနိုင်ဂိုးကို လှလှပပသွင်းယူသွားတော့ မြန်မာပရိ





သတ်တွေရဲ့အပျော်က ထိန်းမရတော့။ အိုးစည်ဗုံ မောင်းတွေတီးသူကတီး။ ကွေးနေအောင် ကသူက။ အန်ကယ်လ်ကြီးတွေ၊ အန်တီကြီးတွေ ပုစုခရုကလေးလေးတွေပါမကျန်ပျော်နေကြ၊ ရွှင်လိုက်ကြပုံများ နိုဝင်ဘာရဲ့ အပျော်ခြုံဆောင်းညခင်းလေးကတော့ အပျော်တွေနဲ့ ဒလဟော စီးဆင်းနေတယ်ထင်ပါရဲ့။

အဲ အဲ အဲ့သည်ညက အပျော်တွေက အဲ့ဒီမှာတင် ရပ်မနေဘူးဗျို့။ ပျော်ရွှင်မှုအရှိန်တွေက ပွဲပြီးတော့လည်းသုဝဏ္ဏကွင်းကြီးဆီက မြို့တော်ရန်ကုန်ကိုတငြိမ့်ငြိမ့်၊ တလှိမ့်လှိမ့်စီးဆင်းသွားတာ။ ကြည်နူးဖွယ် ကောင်းလိုက်ပါဘိ၊ အာရဖွယ်ကောင်းလိုက်ပါဘိ။ ကားကြီးကားငယ်မှာ နိုင်ငံတော်အလံကြီးငယ်တွင် လွှင့်သူကလွှင့်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ နောက်ဆုံး ဘီယာဆိုင်တွေပါမကျန် မြန်မာနဖူးစည်း စည်းထားတဲ့သူတွေ၊ ပါးမှာ မြန်မာအလံကပ်ထားတဲ့သူတွေနဲ့ တရှန်းရှန်း၊ တပြုံးပြုံး ပျော်နေလိုက်ကြတာ၊ ရွှင်နေလိုက်ကြတာ။ နိုဝင်ဘာရဲ့ အပျော်ခြုံဆောင်းတစ်ညကတော့ မြန်မာတွေအတွက် အပျော်တွေကို အားရပါးရ ထွန်းညှိပေးနေလေရဲ့။

သေသေချာချာ စဉ်းစားကြည့်တော့ ယခုကျင်းပပြုလုပ်သည့် ပြိုင် ပွဲကမိမိနိုင်ငံမှာ မိမိတို့ အစီအစဉ်၊ မိမိတို့ စပွန်ဆာဖြင့် ကျင်းပပြုလုပ်ပေးခြင်းဖြစ်၍ မိမိတို့အသင်းမှာ ဗိုလ်စွဲရန် အခွင့်အရေး အခြေအနေတွေများ

စွာရှိနေသည်။ တကယ်တမ်း မိမိတို့ရင်ထဲမှာ မြန်မာအသင်းကို ဗိုလ်စွဲစေချင်တာက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Sea Game) လိုပြိုင်ပွဲကြီးမျိုးတွေမှာ။ တော်တော်ကြာ မိမိတို့ရဲ့အပျော်တွေက ကိုယ်ဘာသာကိုယ်စိတ်ချမ်းသာအောင် ဝယ်ယူစားသုံးနေကြသည့် အပျော်တွေများ ဖြစ်နေမလား။

အို ဘာပဲဖြစ်ဖြစ် မြန်မာအသင်း၏ ခြေစွမ်းကတော့ ယခုပွဲမှာ မလေးရှားကဲ့သို့သော အသင်းမျိုးကို ၄ ဂိုး ၁ ဂိုးဖြင့် နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် များစွာတိုးတက်လာသည်ကိုတော့ လက်ခံကြရမည်ဖြစ်သည်။ မြန်မာအသင်း၏ ခြေစွမ်း အမှန်တကယ် တိုးတက်လာမလာကိုတော့ လာမည့် ဆူဇူကီးဖလား (ယခင်တိုက်ဂါးဖလား) ပြိုင်ပွဲတွင် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အမှန်တော့ ဘောလုံးအားကစားတစ်ခုထဲတွင် မဟုတ်ပါ။ အခြား အခြားသော စီးပွားရေး၊ နည်းပညာနယ်ပယ်အသီးသီးတွင်လည်း မိမိတို့ အမိနိုင်ငံတော်၏ ဂုဏ်ရှိန်သိက္ခာကို မြင့်မားထည်ဝါစေလိုသည်မှာ မိမိတို့ ပြည်သူအားလုံး၏ စိတ်ဆန္ဒအမှန်ပင် ဖြစ်ပါသည်။ လက်တွေ့တွင်လည်း မိမိတို့၏နိုင်ငံသည် ဒေသတွင်း မဟာဗျူဟာကျမှု (Strategic Location)၊ သဘာဝသယံဇာတပေါကြွယ်ဝမှု (Natural Resources)၊ လူ့စွမ်းအားအရင်းအမြစ် (Human Resources) စသည့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်





သည့် အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံနေသည်ဖြစ်ရာ တကယ့် တကယ်တတ်ညီလက်ညီ ကြိုးစားသွားကြပါက အချိန်တိုအတွင်းမှာ အခြားဒေသတွင်း နိုင်ငံများနည်းတူ ခေတ်မီဖွံ့ဖြိုးလာမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**Teenမဂ္ဂဇင်း**
**အမှတ် ၇၆၊ ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်**

# ကမ္ဘာ့ငွေကြေး အကျပ်အတည်း

# (financial crisis)မှာ ဖူးငုံတို့ ဘာလုပ်ကြမလဲ

မနေ့က ဂျပန်နိုင်ငံ Sony ကုမ္ပဏီ Group မှာ အလုပ်လုပ်နေတဲ့ စားရေးသူရဲ့သူငယ်ချင်းတစ်ယောက် မြန်မာနိုင်ငံကိုပြန်ရောက်လာပါတယ်။ အလုပ်ပြုတ်လာ လို့တဲ့။ ဟိုမှာ တစ်လကို ဒေါ်လာငါးထောင်၊ ခြောက်ထောင် လောက်ရတဲ့ သူကဒီက ကုမ္ပဏီတွေမှာ အလုပ်လိုက်လျှောက်တာ။ တစ်လကို ဒေါ်လာတစ်ရာ၊ နှစ်ရာပေးချင်တဲ့သူတောင် ခပ်ရှားရှားဆိုပြီး ကျွန်တော်ဆီ ကို လာညည်းပြပါတယ်။ လက်ရှိ ကမ္ဘာနဲ့အဝန်းမှာ ကြုံတွေ့နေကြရတဲ့ ကမ္ဘာ့ငွေကြေး အကျပ်အတည်း (Financial Crisis)၊ကြောင့် ကုမ္ပဏီကြီး တွေက အလုပ်သမားတွေ အမြောက်အမြား လျှော့ချနေကာ မြန်မာအလုပ် သမား အတော်များများလည်း ပြည်တွင်းကို တဖွဲဖွဲ ပြန်လာနေကြပါတယ်။ ဒါဟာ ဆွဲငင်မှု pull Factor ကြောင့် မဟုတ်ဘဲ တွန်းပို့မှု Push Factor





ကြောင့် ကျွန်တော်တို့ရဲ့ စီးထွက်နေတဲ့ Brain Drain တွေက တစ်ပတ် ပြန်လည်ပြီး Brain Gain ဖြစ်လာတယ်လို့လည်း ပြောလို့ရပါတယ်။ ဒါပေမဲ့ လောလောလတ်လတ်အခြေအနေမှာတော့ ပြည်ပရောက်ဖူးငုံတို့အနေနဲ့ အလုပ်ပြုတ်တာတို့၊ ကျောင်းတစ်ဖက်နဲ့ အလုပ်မလုပ်ရတာတို့၊ ကျောင်းစရိတ် မလောက်တော့တာတို့ စတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရမှာ ဖြစ်ပါ တယ်။

တကယ်တော့ Crisis တို့၊ challenges တို့ဆိုတာ သေသေချာချာ Well Analysis ,Well Manage လုပ်နိုင်မယ်ဆိုရင် Opportunity အဖြစ် ကောင်းကောင်း အသွင်ပြောင်းပစ်လို့ရပါတယ်။ အမေရိကရဲ့ Credit Crunch ကြောင့် တစ်စတစ်စနဲ့ World Financial Crisis ကြီး ဖြစ်လာ တာကို ခုချိန်လောက်ဆိုရင် ဖူးငုံတို့လည်း သိပြီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် စာရေးသူအနေနဲ့ ဒီဆောင်းပါးမှာ အဲဒီ Crisis, Challenges ကနေ Challenge to Opportunity ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့အပိုင်း ကို အလေးထားပြီး ဆွေးနွေးသွားချင်ပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ Financial Crisis ကို ပညာရှင်တွေက Global Level, Regional Level နဲ့ National Level ဆိုပြီး ရှုမြင်ကြပါတယ်။ ဒါကိုထပ်ခွဲကြည့်ရင်တော့ Family Level, Individual level ဆိုပြီး ထပ် ခွဲကြည့်နိုင်ပါသေးတယ်။ ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကတော့ Crisis ဆိုတဲ့နေရာမှာ Global Crisis ကနေ Individual Crisis ဖြစ်လာနိုင်သလို Individual Crisis ကနေ Global Crisis လည်း ဖြစ်လာနိုင်တယ်လို့ သူ့ရဲ့ ဟောပြောပွဲတစ်ခုမှာ ပြောသွားဖူးပါတယ်။ ဥပမာ HIV/AIDS ဆိုရင် လူတစ်ဦးမှ စတင်ကူးစက်တဲ့ Individual Crisis ကနေ ခုဆို Global Crisis အထိဖြစ်လာတာ ဖြစ်ပါတယ်။

အမှန်တော့ အခုဖြစ်ပေါ်နေတဲ့ Financial Crisis ဟာ ကျွန်တော်တို့ နိုင်ငံကို ရိုက်ခတ်လာနိုင်ပေမယ့် သိပ်ဆိုးဆိုးရွားရွားကြီးတော့ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ နဂိုကတည်းက အခြေခံစားကုန် (Primary Goods) တွေကို ထုတ်လုပ်ရောင်းချတဲ့နိုင်ငံ ဖြစ်ပါတယ်။ ငွေကြေးအကျပ်အတည်းမှာ လူတွေဟာ ကောင်းကောင်းစားနေရာကနေ သိပ်မကောင်းတာလောက်ကို လျှော့စားတာလောက်ပဲ ရှိချင်ရှိပါလိမ့်မယ်။ လုံးဝမစားဘဲတော့ နေလို့မရဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ Demand က သိပ်လျော့သွားစရာ မရှိပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ကသာ သေသေချာချာ Market Analysis လုပ်၊ well Manage လုပ်နိုင်ရင် ဈေးကွက်အခွင့်အလမ်း Market Opportunities တွေများစွာ ရှိနေသလို တစ်ဖက်မှာလည်း ဒီဇယ်ဆီလို သွင်းကုန်တွေရဲ့ ဈေးတွေကျဆင်းလာတဲ့ Opportunity တွေလည်း များစွာရှိနေပါတယ်။

နောက်တစ်ခု အားသာချက်ကတော့ အထွေထွေကုန်ဈေးနှုန်းကျဆင်း





လာမှု (Low Commodities Cost)ပါ။ ဒါဟာတစ်နည်းအားဖြင့် ပြည်သူတွေရဲ့ လူနေမှုစရိတ်(Living Cost) ကိုပါ ကျဆင်းစေတာမို့ ပြည်သူတွေအတွက်အများကြီး ချောင်လည်လာနိုင်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ဒါဟာ လူတွေရဲ့လုပ်ခလစာ (Income) ကိုလည်း လျော့ကျစေတာမို့ (Related Risk)တစ်ခု ဖြစ်ပါတယ်။

နောက်(Challenge)ရော Opportunity ရော၊ ရောနှောနေတဲ့ Factor တစ်ခုကတော့ ပြည်ပနိုင်ငံတွေကနေ Return Worker တွေ ပြန်လာတာဖြစ်ပါတယ်။ (စာရေးသူကတော့ Opportunity က ပိုတယ်လို့ယူဆပါတယ်။) သူတို့ပြန်လာတဲ့အတွက် နိုင်ငံအတွက် Human Resources တွေ၊ Technology တွေများစွာရလာနိုင်သလို ပြည်တွင်းအလုပ်အကိုင်ဈေးကွက်မှာလည်း Demand နဲ့ Supply မမျှမတဖြစ်ကာ အလုပ်လက်မဲ့တွေ တိုးပွားလာနိုင်ပါတယ်။ ဒါဟာ ဖူးငုံတို့အတွက် စိုးရိမ်စရာတစ်ချက်ပါပဲ။ တနည်းအားဖြင့် ဖူးငုံတို့အတွက် Global Level Crisis ကနေ Individual Crisis အဖြစ်ကူးပြောင်းလာနိုင်တဲ့အချက်ပဲ ဖြစ်ပါတယ်။

ဒါပေမယ့် စိတ်မပူကြပါနဲ့။ ဖူးငုံတို့ကသာ Well Manage လုပ်နိုင်ရင် အဲဒီ Challenge ကို Opportunity အဖြစ် အလွယ်တကူ အသွင်ပြောင်းပစ်နိုင်ပါတယ်။ ပထမဆုံးအနေနဲ့ အကြံပေးချင်တာကတော့ ပြည်တွင်းမှာ နဂိုကတည်းကနေနေတဲ့ ဖူးငုံတို့အတွက် ဒီအချိန်မှာ ဖူးငုံတို့အနေနဲ့ လုပ်ငန်း

ခွင်ဝင်ဖို့ထက် မိမိတို့နဲ့သက်ဆိုင်တဲ့၊ ဝါသနာပါတဲ့ပညာရပ်တွေကို တစ်နှစ်လောက်၊ May Be One Year လောက်လေ့လာနေတာအကောင်းဆုံးပါပဲ။ ပြည်တွင်းမှာလည်း နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာတွေ၊ (BCIS) တို့လို့ နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့သင်တန်းတွေကို အလွယ်တကူ ပြည်ပမှာထက်သက်သာတဲ့နှုန်းထားတွေနဲ့တက်ရောက်နိုင်ကြပါတယ်။ အဲသည်လိုတက်ရောက်ကြပြီးမှ Crisis ကပြန် Recover ဖြစ်လာတဲ့အခါ ပြည်တွင်းပြည်ပလုပ်ငန်းတွေမှာ အသင့်ဝင်ရောက်လုပ်ကိုင်ကြဖို့ဖြစ်ပါတယ်။

ပြည်ပကနေ ကျောင်းတက်ပြီး ပြန်လာတဲ့ ဖူးငုံတို့ အလုပ်အကိုင် အဆင်မပြေဖြစ်ပြီး ပြန်လာတဲ့ ဖူးငုံတို့အတွက်ကတော့ တတ်နိုင်ရင် ဟိုက စုဆောင်းထားတဲ့ငွေလုံးငွေရင်း(Capital)ကလေးတွေနဲ့ ကိုယ့်နိုင်ငံမှာ ကိုယ်ပိုင်လုပ်ငန်းကလေးတွေ လုပ်ကိုင်သင့်ကြပါတယ်။ အဲသလို လုပ်ကိုင်ကြတဲ့နေရာမှာလည်း လက်ရှိ(Crisis)အခြေအနေရ အကျိုးအမြတ်ရနိုင်တဲ့ (Sector) တွေမှာ ရွေးချယ်လုပ်ကိုင်ကြဖို့ဖြစ်ပါတယ်။ သည်လိုဆိုရင် (Crisis) ပြီးသွားတဲ့အခါမှာလည်း ကိုယ့်မှာ ကိုယ်ပိုင်လုပ်ငန်းနဲ့ လုပ်ငန်းရှင်တွေဖြစ်နေကြပြီမို့ သူများနိုင်ငံတွေမှာ ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ဖို့ မလိုတော့သလို ကိုယ်ရဲ့အမိနိုင်ငံ (Mother Land)မှာ လည်း ရင်းနှီးမြှပ်နှံမှု(Investment Asset)တွေ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ Crisis ကြောင့် ကိုယ့်နိုင်ငံကိုယ် ပြန်ရောက်လာကြတဲ့အတွက်





ကိုယ့်ရဲ့မိသားစု ညီအစ်ကိုမောင်နှမတွေအတွက် ပိုပြီးအချိန်ပေးလာနိုင်သလို ဘာသာရေး၊ သာသနာရေးတွေအတွက်ပါ အချိန်တွေရလာတဲ့ (Opportunity) တွေကိုလည်း ခံစားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖူးငုံတို့အနေနဲ့ သူများနိုင်ငံက အလုပ်ပြုတ်လာလို့ ဘာမှ စိတ်ညစ်စရာမရှိပါဘူး။ ကိုယ့်နိုင်ငံမှာ ကိုယ်ပိုင်လုပ်ငန်းတွေတည်ထောင်ပြီး ကိုယ့်ဘဝကို တစ်ဆင့်မြင့်အောင်အားခဲ ကြိုးစားကြရမှာဖြစ်ပါတယ်။

နောက်တစ်ခါ(Intangible Opportunity)တစ်ခုအနေနဲ့ ရှုမြင်မယ်ဆိုရင်လည်း(Crisis)ဆိုတာမိမိတို့အတွက်(Cleaning Storm)တစ်ခုဖြစ်ပါတယ်။ ဒီ(Crisis)ကြောင့်အရည်အချင်းတွေ ပိုကောင်းလာအောင်ကိုယ့်ကိုကိုယ်(Perfect)ဖြစ်အောင် ကြိုးစားလာကြရတာမို့ တစ်ဦး တစ်ယောက်ချင်းအတွက်ရော၊ အဖွဲ့အစည်းတွေအတွက်ပါ များစွာအကျိုးရှိလာကြမှာဖြစ်ပါတယ်။ အခက်အခဲနဲ့တွေမှ အစွမ်းအစတွေပိုထွက်လာတယ်ဆိုတဲ့သဘောပါ။

ပြီးတော့ ဒီ(Crisis) ကို ကျွန်တော်တို့အတွက် နှိုးစက်(Wake up Call)အဖြစ်ယူဆကြရပါမယ်။ ကျွန်တော်တို့ နိုင်ငံလောက်တောင်အာရှဒေသ (South Asia)မှာခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့(Opportunities) တွေပေါ်များတဲ့နိုင်ငံ မရှိပါဘူး။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ အခြေအနေ၊ အချိန်အခါအရအားလုံးစည်းစည်းလုံးလုံးနဲ့ဝိုင်းဝန်းဆောင်ရွက်အကောင်အထည်ဖော် (Im-

plement)လုပ်ကြရမှာ ဖြစ်ပါတယ်။ (Implement) မလုပ်ရင်တော့ (Opportunity) က (Opportunity) အတိုင်းပဲရှိနေမှာဖြစ်ပါတယ်။

ဆရာကြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကတော့ ခုလို(Crisis) ကာလမှာ စွန့်ဦးတီထွင်ပြီးသူများ မလုပ်တဲ့လုပ်ငန်း၊ ( Service) စတဲ့(Blue Ocean Business)ဆန်ဆန်လုပ်ငန်းလေးများကို ဆောင်ရွက်လုပ်ကိုင်သင့်တယ်လို့ အကြံပေးထားပါတယ်။ (Bule Ocean Business)ဆိုတာက အရင်က သူများမလုပ်ဖူးတဲ့အလုပ်၊ မပေးဖူးတဲ့ (Service)စတာမျိုးတွေကို တီထွင်ဆောင်ရွက်တာမျိုးပါ။

ဥပမာ-အခု(Financial Crisis)ကာလမှာ အမေရိကန်က ထမင်းဆိုင် (သူတို့ကတော့ အသေးစား Mini Restaurant လို့ခေါ်ပါတယ်။)တွေလုပ်တဲ့ (Promotion)အစီအစဉ်လေးတစ်ခုဆို စိတ်ဝင်စားစရာပါ။ သူ့အစီအစဉ်က ဥပမာ (Customer) တစ်ယောက်က ဆိုင်ထဲဝင်လာပြီး ထမင်းကြော်မှာတယ် ဆိုပါစို့။ အဲဒီ ထမင်းကြော်ရဲ့ဈေးနှုန်း (Price)ကို (Customer)က သတ်မှတ်ခွင့်ရှိပါတယ်။ ဆိုပါစို့ (Customer)က တစ်ဒေါ်လာတန်လို့ ပြောရင်လည်း တစ်ဒေါ်လာတန်ကြော်ပေးပါတယ်။ ဒေါ်လာငါးဆယ်တန်လို့ ပြောရင်လည်း ဒေါ်လာငါးဆယ်ဖိုးကြော်ပေးမယ့် သဘောပါ။ ဒီလို (Business Idea)မျိုးကို(Blue Ocean Business)လို့ ခေါ်တာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ခုချိန်မှာ နိုင်ငံရပ်ခြားက အလုပ်အကိုင် အဆင်မပြေဖြစ်ပြီး





ပြည်တွင်းကို ပြန်လာကြရတဲ့ဖူးငုံတို့ အနေနဲ့ စိတ်ဓာတ်ကျမနေကြပဲ ခုလိုပဲ (Blue Ocean Business)မျိုးလေးတွေကို ကိုယ့်ရဲ့ပြည်တွင်းမှာ တည်ထောင်လုပ်ကိုင်သင့်ကြပါတယ်။

နောက် သိသာမြင်သာတဲ့ (Opportunity) တစ်ခုက နိုင်ငံခြားငွေ (Foreign Currency )တွေဈေးကျလာပြီး မြန်မာငွေ ဈေးတက်လာတာပါ။ ယေဘုယျအားဖြင့်ဆိုရင်တော့ အမေရိကန်ဒေါ်လာ ဈေးကျလာလို့ မြန်မာငွေတန်ဖိုးတက်လာတာကို ကာလတိုသက်ရောက်မှု (Short Term Effect) လို့သတ်မှတ်လို့ရပေမယ့် ဒါကိုကျွန်တော်တို့က ကောင်းကောင်းအသုံးချနိုင်ရင် ရေရှည်သက်ရောက်မှု(Long Term Effect)အဖြစ်ပါ ဆွဲဆန့်လာနိုင်မှာ ဖြစ်ပါတယ်။ ထိုင်နေလို့ကတော့ ဘာမှဖြစ်မလာပါဘူး။ အားလုံးကြိုးစားကြရမှာပါ။

ဒီ (Crisis)ကာလမှာ ကမ္ဘာ့နိုင်ငံတော်တော်များများကတော့ သူတို့နိုင်ငံမှာ ထိခိုက်မှု၊ ဆုံးရှုံးမှုတွေသက်သာနိုင်သမျှသက်သာစေမယ့်၊ (Stimulus Package) လိုဟာမျိုးတွေကိုချမှတ် အကောင်အထည်ဖော်နေကြပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဥပမာ စပါးလိုဟာမျိုး၊ ဆန်လိုဟာမျိုးဆိုရင် ဓာတုပေဒပိုးသတ်ဆေးတွေကိုမသုံးဘဲ(Organic Farming) လိုမျိုးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြပြီး ဈေးကွက်ချဲ့ထွင်တာမျိုးတွေ၊ (National Product Status Uplift) လုပ်တာ

မျိုးတွေ ဆောင်ရွက်လို့ရပါတယ်။

အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရဲ့တည်နေရာ(Location)ဟာ ဒေသတွင်း မဟာဗျူဟာကျတဲ့ (Strategic Location)ဖြစ်နေတာကလည်း ဒီအခြေအနေမှာ ကျွန်တော်တို့အတွက်(Opportunity) တစ်ရပ်ဖြစ်ပါသည်။ ဒီအားသာချက်ကို တတ်နိုင်သလောက်(Financial Crisi) ကာလမှာ ကိုယ့်နိုင်ငံကိုတတ်နိုင်သလောက်(Impact)နည်းနိုင်သမျှ နည်းအောင်လုပ်ပြီး တစ်ရှိန်တိုးတက်သွားအောင် အဘက်ဘက်က ညှိနှိုင်းသုံးသပ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် အားလုံးခြုံငုံ သုံးသပ်ကြည့်ရင်တော့ ဒီ Financial Crisis ဟာဖူးငုံတို့အတွက်(Challenge) တစ်ခုဖြစ်ပေမယ့် သေသေချာချာ (Response) ပြန်နိုင်ကြမယ်ဆိုရင်တော့ (Opportunity) ကောင်းတွေ မြောက်များစွာ ထွက်ပေါ်လာနိုင်တာကို တွေ့ကြမှာဖြစ်ပါတယ်။

အမေရိကန် သမ္မတဟောင်း ထရူးမင်းပြောခဲ့ဖူးတာ တစ်ခုရှိပါတယ်။

'ခင်ဗျားတို့ ဘေးကလူတွေ အလုပ်ပြုတ်ရင် အဲဒါအကျပ်အတည်း ရီဆက်ရှင်၊ အဲ. . ခင်ဗျားတို့ ကိုယ်တိုင်အလုပ်ပြုတ်ရင်တော့ အဲဒါ ဒီပရက်ရှင်ပဲ'

တဲ့။ ဒါကြောင့်မို့ ဖူးငုံတို့အနေနဲ့လည်း လက်ရှိကြုံတွေ့နေရတဲ့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း(World Financial Crisis) မှာ ကိုယ်ကိုယ်တိုင်ဒီပရက်ရှင်မဖြစ်အောင် အစွမ်းကုန်အားထုတ်ကြရင်း တစ်ဘက်မှာလည်း





ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွား (National Interest) ကို ကွဲကူးရေပါဖော်ဆောင်သွားကြပါစို့လို့ အားသစ်လောင်းရေးသားလိုက်ပါတယ်။

**Teen Magazine**

**အမှတ် ၇၈၊ ဧပြီလ၊ ၂၀၀၉ ခုနှစ်**

## ညှံ့ပျောင်းကြည်ဖြူ နာသောသူကို ငါ့တူ ကြင်နာပြုစုပါက မြတ်ရာရောက်လိမ့် ကေန်တည်း

ဒီနှစ်ထဲမှာဖူးငုံတို့ထဲမှာ ကြားနေကျ အထိမ်းအမှတ်နေ့တွေဖြစ်တဲ့ ဗယ်လင်တိုင်းမ်ဒေးတို့၊ အမေများနေ့တို့ ပြီးတဲ့နောက်မှာ ထူးထူးခြားခြား ကြားလာရတဲ့အထိမ်းအမှတ်နေ့တစ်ခုက 'မန္တလေးရတနာပုံ မြို့တည်နန်းတည်နှစ် ၁၅၀ ပြည့်အထိမ်းအမှတ်ပွဲတော်'တဲ့။ ဩော်-မင်းတုန်းအရှင်ရဲ့ မြို့တော်။ မြန်မာတို့ရဲ့ ရွှေသရဖူတောင်နှစ် ၁၅၀ တိုင်ခဲ့ပြီပါလား။ အချိန်ကာလရဲ့ တိုက်စားမှုအောက်မှာ ခေတ်ကာလရဲ့မှတ်ကျောက်တစ်ခုကို စာရေးသူတို့ ကျော်ဖြတ်လာရပြီပဲ။

မန္တလေးရတနာပုံ နေပြည်တော်ကြီးကို ဘဝရှင်မင်းတုန်းမင်းတရားကြီးက မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ ခရစ်နှစ် ၁၈၅၉ တွင်တည်တော်မူခဲ့ပြီး မြန်မာ့အချုပ်အခြာ ထီးနန်းစိုက်ရာ နောက်ဆုံးနေပြည်တော်ကြီးလည်း





ဖြစ်ပါတယ်။ မန္တလေးမြို့ သူမြို့သားတွေကတော့ နှစ်၁၅၀ ပြည့် အခါသမယမှာ ပွဲကြီးပွဲငယ် အသွယ်သွယ်နှင့်ခြိမ့်ခြိမ့်သဲနဲ့ပျော်နေကြလိမ့်မယ်။ ဩော် စာရေးသူတို့ကလည်း မဟာရန်ကုန်ကနေလှမ်းမျှော်ပြီး မြန်မာ့သရဖူမြို့တော်ကို ဦးညွှတ်ကြည်ညိုရပေမပေါ့။

မန္တလေးရဲ့ ပုံရိပ်တွေထဲမှာ စာရေးသူကို အဆွဲဆောင်နိုင်ဆုံး၊ အထိရှဆုံး ပုံရိပ်တစ်ခုကတော့ မန္တလေး နန်းမြို့ရိုးနဲ့ကျုံးကြီးပါ။ တကယ်တော့ ဒီရွှေခေတ် ပုံစံအုတ်တွေနဲ့ မြို့ရိုးကြီးနဲ့ ကျုံးကြီးတွေဟာ ဘာမှ ထူးဆန်းလှတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် စာရေးသူတို့ရဲ့ အသွေးအသားထဲက မွတ်သိပ်ထိရှနေမိကြတာကတော့ သွေးက စကားပြောတယ်လို့ပဲ ထင်မိပါရဲ့။ ဩော် ကျွန်တော်တို့ရဲ့ (Metropolitan City) မန္တလေးမြို့တော်ကြီးတောင် နှစ် ၁၅၀ တိုင်ခဲ့ပြီပေါ့။

ဒီရက်ပိုင်းတွေထဲမှာ စာအုပ်တချို့ဖတ်ရင်း ဆရာကိုတာ ရေးတဲ့ 'စာရေးဆရာတစ်ယောက်၏မှတ်စုများ' စာအုပ်ထဲက ဆရာကြီးမင်းသုဝဏ်ရဲ့ ကဗျာလေးတစ်ပုဒ်ကို မှတ်မှတ်ရရ ဖတ်မိပါတယ်။ ၁၉၆၈ ခုနှစ်ထုတ် ဆေးတက္ကသိုလ် ၂ ဘွဲ့နှင်းသဘင် အထိမ်းအမှတ်စာစောင်မှာ ဖော်ပြပါရှိခဲ့တယ်လို့ ဆိုပါတယ်။ ကဗျာလေးရဲ့ နာမည်က 'သူနာပြုဘုရား'တဲ့။

**'သူနာပြုဘုရား'**

ကိုယ်ရိပ်သဏ္ဍာန်၊ ညီအာနန်နှင့်

မြတ်မွန်ထွတ်ထား၊ တို့ဘုရားသည်
တစ်ပါးသောအခါ၊ ဒေသစာဖြင့်
တိုက်တာလှည့်၍၊ ကြည့်သတည်း။

ကျီးသံမဲမဲ၊ ယင်မဲမဲဖြင့်
မွဲပြာညစ်ရောင်၊ ကျောင်းတစ်ဆောင်ကို
ဘုန်းခေါင်ဘုရား၊ ဝင်၍သွားသော်
သနားစဖွယ်၊ ကျောင်းအလယ်၌
ကျင်ငယ်ကျင်ကြီး၊ တင်းကျမ်းစီးလျက်
ကိုယ်ထီးလျောင်းရှာ၊ ထေရ်သူနာကို
မြတ်စွာတွေ့ရပါသတည်း။

အမိသည်သား၊ ပြုသောလားသို့
ဘုရားမြတ်မွန်၊ ညီအာနန်ကို
ချိုးရန်ရေတောင်း၊ စောင်ပါတောင်းလျက်
သွန်းလောင်းသုတ်သင်၊ ပြီးစီးလျှင်မူ
ခေါင်းတွင်ဘုရား၊ လက်တော်ထား၍
ညီဘွားခြေက၊ ပြိုင်တူမလျက်





မြတ်လှနေရာ၊ ညောင်စောင်းသာတွင်
ကောင်းစွာ အိပ်စက်စေသတည်း။

ထိုနောက်ရှင်တော်၊ စည်းဝေးခေါ်၍
မြွတ်ဖော်စကား၊ မိန့်တော်ကြား၏
မိခြားဖဝေး၊ တစ်ရပ်ကျေးတွင်
ချိုအေးကြည်သာ၊ တရားရှာသည်
များစွာအပေါင်း၊ ရဟန်းကောင်းတို့
ညံပျောင်းကြည်ဖြူ၊ နာသောသူကို
ငါ့တူကြင်နာ၊ ပြုစုပါက
မြတ်ရာရောက်လိမ့်၊ ကေန်တည်း။

**မင်းသုဝဏ်**

ကဗျာလေးက ရင်ကိုထိထိရှရှရှိလှသည်။ မြတ်စွာဘုရားသည်ပင် ပရဟိတစိတ်အပြည့်နဲ့ သူနာပြုလုပ်တဲ့အကြောင်း။

ပရဟိတ ဒီစကားလုံးလေးရဲ့အဓိပ္ပာယ်က ပြည့်ပြည့်ဝဝရှိလှတယ်။ ဆရာကြီးမင်းသုဝဏ်က ဒီစကားလုံးလေးကို၊ ဒီကဗျာကို ဆေးတက္ကသိုလ်မဂ္ဂဇင်းမှာ ရေးသားခဲ့ပြီးဆရာဝန်တွေအကြားမှာ ပရဟိတစိတ်ဓာတ်တွေ၊ ဂေါတမဗုဒ္ဓရဲ့ သူနာပြုစိတ်ဓာတ်တွေ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားစေချင်

သည့် သဘော။ ဒီကနေ့ ကျွန်တော်တို့ ဆရာဝန်တွေအကြားမှာ လူသားဆန်မှုစိတ်ထားများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားနေပါရဲ့လား။ ရိုးရိုးကြည့်၊ အထူးကြည့်၊ ရိုးရိုးခွဲ၊ အထူးခွဲ၊ ထူးရှယ်ခွဲ စတဲ့၊ အသပြာ ဝေါဟာရတို့ အကြားမှာ ကျွန်တော်တို့ရဲ့ လူသားဆန်မှုစိတ်ထားတွေ တိမ်ကော တိုက်စားမှုခံကြရလေပြီလော။ အချိန်ရလျှင် ပြန်လည်စဉ်းစားကြည့်ကြဖို့ ကောင်းပါတယ်။

ဘာပဲဖြစ်ဖြစ် ပြီးခဲ့တဲ့မေလကဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ နာဂစ်မုန်တိုင်းအပြီးမှာတော့ ထုထည်ကြီးမားလှတဲ့ မြန်မာဖူးငုံတို့ရဲ့ ပရဟိတစိတ်ဓာတ်တွေကို ကျွန်တော်တို့မြင်တွေ့ခဲ့ကြရတယ်။ မုန်တိုင်းပြီးရင် လေပြည်လာပြီး အဆိုးထဲက အကောင်းထွက်ခဲ့ခြင်း။ ရက်ပါတွေရော၊ ရောခ်ကာတွေရော၊ ပန့်ခ်တွေရော၊ ဂျင်းဘောင်းဘီတွေရော၊ သရီးကွာတားတွေရော အားလုံး အားလုံး ဧရာဝတီမှာ မေတ္တာလက်တွေ စုစည်းမိခဲ့ကြတယ်။ ကျွန်တော်တို့ လူငယ်တွေ ဘယ်နေရာတွေမှာ သရုပ်ပျက်ပျက်၊ စိတ်ယဉ်ကျေးမှုတွေမှာတော့ သရုပ်မပျက်ကြသေး။ အဲသည်လို 'Social Capital'များ ရှိနေသေးသရွေ့တော့ ကျွန်တော်တို့ လူ့ဘောင်ရဲ့ အနာဂတ်က စိုးရိမ်ပူပန်စရာမရှိ။

ပရဟိတဆိုတဲ့ သဘောကိုက အတ္တဟိတဆိုတဲ့ကိုယ်ကျိုးကို လျှော့ချစွန့်လွှတ်ပြီး လုပ်ကိုင်ရတဲ့သဘော။ ဒီတော့ ကိုယ့်မှာလုံလောက်တဲ့ ဓနဉစ္စာ၊ အတတ်ပညာ၊ အချိန်မှရှိဘဲ ပရဟိတကို လုပ်ကိုင်လို့မရ။ အများရဲ့ ဘဝကို မြှင့်တင်ဖေးကူကြဖို့ဆိုရင် ပထမဆုံး မိမိကိုယ်ကိုယ်မြင့်မားခိုင်ညားအောင်





တည်ဆောက်ကြိုးစားကြရမယ်။

ပြီးခဲ့တဲ့ စနေနေ့က အင်္ဂလန်နိုင်ငံမှာ ပညာသင်ကြားနေတဲ့ စာရေးသူရဲ့ သူငယ်ချင်းတစ်ယောက်နှင့် 'Pfingo' မှတဆင့် ဖုန်းပြောဖြစ်တယ်။ စာရေးသူက ပြီးခဲ့တဲ့ ခရစ္စမတ်ကျောင်းပိတ်ရက်တုန်းက မင်းဘာလို့ မြန်မာနိုင်ငံကို ပြန်မလာတာလဲလို့မေးတော့ သူက 'ငါအာဖရိကမှာ ဗော်လန်တီယာ ပရဟိတသွားလုပ်နေတာကွ၊ ဟိုမှာကွာ သူတို့ရဲ့ ဘဝလေးတွေက သနားဖို့ကောင်းလိုက်တာ'တဲ့၊ တစ်ခါတစ်ရံမှာ လူတွေဟာ အနီးမှုန်ပြီး အဝေးမြင်နေလေ့ရှိတယ်။

ဘာပဲပြောပြော ဒီကနေ့ စာရေးသူတို့ ဖူးငုံများအကြားမှာ ကိုရီးယားဖက်ရှင်တွေ ခေတ်စားလာသလို၊ ဟစ်ပ်ဟော့ပ်ဂီတတွေ ခေတ်စားလာသလို ပရဟိတစိတ်ဓာတ်တွေလည်း ခေတ်စားလာတာကိုတော့ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ များပြားလာတဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ NGO အဖွဲ့တွေမှာ တက်တက်ကြွ ပါဝင်လုပ်ဆောင်နေကြတဲ့ လူငယ်တို့ရဲ့ စိတ်ဓာတ်တွေကို ရိုသေဦးညွှတ်ကြရပါမယ်။

အထူးသဖြင့် ဖြစ်ပေါ်လာတဲ့အခြေအနေကို ရုတ်တရက် ဖြေရှင်းတုံ့ပြန် (Immediate Response)ပေးရမယ့် အခြေအနေမျိုးမှာ ပရဟိတအဖွဲ့အစည်းများရဲ့ ကဏ္ဍက အလွန်အရေးပါပါတယ်။ အစဉ်အလာ သဘောအရ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများရဲ့ တုံ့ပြန်မှုက နှောင့်နှေးတတ်တဲ့

သဘောရှိတာကြောင့် အလျင်အမြန် (Response) ပေးနိုင်တဲ့ ကြက်ခြေနီတို့လို NGO တွေရဲ့ ဆောင်ရွက်နိုင်မှုက အင်မတန် အရေးပါ ပါတယ်။ ပြီးခဲ့တဲ့ နာဂစ်မုန်တိုင်းတုန်းကလည်း လူငယ်ထုဦးဆောင်တဲ့ ပရဟိတအဖွဲ့များရဲ့ လျှင်မြန်မှုစွမ်းရည် (Dynamic ability)ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြပြီး ဖြစ်တယ်။

အိန္ဒိယနိုင်ငံ သမ္မတကြီး အဗ္ဗဒူကလာမ်က သူ့ရဲ့အိန္ဒိယနိုင်ငံသား လူငယ်တွေကို ပေးခဲ့တဲ့ သြဝါဒလေးချက်ကို (outlook)မဂ္ဂဇင်းကြီးက ဖော်ပြခဲ့ပါတယ်။ အဲဒီသြဝါဒလေးချက်က-

(၁) ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်လုပ်ပါ။

(၂) ကိုယ်တတ်ထားတဲ့ အတတ်ပညာကို တခြားသူတွေကို မျှဝေပါ။

(၃) ကိုယ့်ပတ်ဝန်းကျင်ကို ကောင်းအောင်လုပ်ပါ။

(၄) တိကျပြတ်သားတဲ့ ဦးတည်ချက် ထားရှိပါ။

ဒါဆိုရင် အိန္ဒိယပြည်ကြီးကို သင်ကောင်းအောင် လုပ်နိုင်ပြီတဲ့။ ကျွန်တော်တို့ မြန်မာလူငယ်တွေအတွက် အဲ့သည်လိုသော အဆုံးအမျိုးကို ငယ်စဉ်ကတည်းက ဘာသာတရားအဆုံးအမတွေက နီးကပ်စွာ သွန်သင်ထားခဲ့ပြီးပြီဟု ထင်ပါတယ်။ ဒါပေမဲ့ သဘောတရား သီအိုရီတို့ဆိုတာ စာအုပ် ထဲမှာ ရှိနေရုံမျှနှင့် မလုံလောက်ပါ။ လက်တွေ့အကောင်အထည်ဖော် (Implement)လုပ်မှသာ အောင်မြင်နိုင်ကြမှာဖြစ်ပါတယ်။





ဒီတော့ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ နိုင်ငံကို ကောင်းအောင် လုပ်ဖို့တာဝန်ရှိပါတယ်။ အထူးသဖြင့် အနာဂတ်မျိုးဆက်ဖူးငုံတို့မှာ တာဝန်ရှိပါတယ်။ ဖြစ်လာသမျှ အဖြစ်အပျက်တွေ၊ ရလဒ်တွေအတွက် ဘယ်သူ့ ဘယ်သူကိုမှ အပြစ်ပုံချနေလို့ မရပါဘူး။ ကျွန်တော်တို့တစ်တွေကြောင့်သာ ကျွန်တော်တို့ ပတ်ဝန်းကျင်ဆိုတာ ဖြစ်လာတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဖူးငုံတို့အနေနဲ့ ရာစုသစ်ရဲ့ မျက်နှာစာတွေမှာ မေတ္တာပြည့်လျှမ်းတဲ့၊ ညီညွတ်မျှတတဲ့၊ လွတ်လပ်ဖွံ့ဖြိုးတဲ့ လူ့ဘောင်တစ်ခုကို ထူထောင်သွားကြဖို့ အထူးပဲလိုအပ်ပါကြောင်း ထပ်လောင်း တင်ပြလိုက်ရပါတယ်။

**Teen မဂ္ဂဇင်း**

**အမှတ် ၈၂၊ ဩဂုတ်လ၊ ၂၀၀၉ ခုနှစ်။**

## ရှုးပွဲဝေဒနာ

ကျွန်တော် အသက် ၂၀ ပင်ပြည့်ပြီ။ ရှုးပွဲတစ်ခုမှ မသွားဘူးသေး။ဒီနေ့တော့ သူငယ်ချင်းတစ်ယောက်က ရှုးပွဲတစ်ခုသွားဖို့လာခေါ်သည်။ ဆိုမယ့်အဆိုတော်ကလည်း ကိုယ်ကြိုက်သည့်အဆိုတော်၊ ပြီးတော့ Pop သီချင်းအေးအေးလေးတွေသာ ဆိုလေ့ရှိသူဖြစ်သဖြင့် အခြားရှုးပွဲတွေလို ဟောဟောရမ်းရမ်းသိပ်မဖြစ်ဟု ထင်သဖြင့် လိုက်လာမိခဲ့သည်။ အတွေ့အကြုံသစ်လည်းရသည်ပေ့ါ။ ထိုရှုးပွဲက ရန်ကုန်မြို့၏ နာမည်ကြီး ဟိုတယ်ကြီးတစ်ခုတွင်ပြုလုပ်ခြင်းဖြစ်သည်။ ရှုးပွဲထဲဝင်ဝင်ချင်း လားလား နိုင်ငံခြားတိုင်းပြည်တစ်ခုကို ရောက်သွားသလားထင်ရသည်။ အကြင်မိန်းကလေးတို့မှာ ရစရာမရှိ။ ဝတ်လာစားလာကြသည်မှာ တိုနံ့နံ့၊ မလုံ့တလုံနှင့် မြန်မာတစ်ယောက်အနေနှင့် ပြန်ရေးပြဖို့ ပင် အတော်ရှက်ဖို့ကောင်းပါသည်။ ပြီးတော့ ရှုးပွဲလာသူတို့၏ ၈၀% လောက်က ဘီယာခွက်ကိုယ်စီနှင့်။





မဟာပုရိသယောကျ်ားလေးများ ဘီယာသောက်ခြင်းကို ဘာမျှမပြောလိုပါ။ ဘီယာဆိုသည့်သကောင့်သားက သောက်ပြီးလျှင် ဒီအတိုင်းနေလို့ ရသည်မဟုတ်။ ရိဝေဝေမြူးကြွကြွနှင့် သူ့အစွမ်းကမသေးလှ။

မြူးကြ၊ မူးကြ၊ ခုန်ကြ၊ ပေါက်ကြနှင့် ကိုယ့်ကိုယ်ကိုမထိန်းနိုင်ဘဲ ယိမ်းထိုးကာ အတော်ကြွေမြေမဲ့ကုန်ကြသည်။ ဩော်. . . ဒုက္ခ ဒုက္ခ။

မဖြစ်တော့၊ ထိုနေ့က စောစောစီးစီးပင် ထိုရှုးပွဲမှ ပြန်ခဲ့သည်။

ကျွန်တော်တို့နိုင်ငံမှ လူငယ်တော်တော်များများ ရှုးပွဲတွေ သွားနေကြခြင်းမှာ ဂီတကိုခံစားချင်၍၊ ဂီတကို လေးစားမြတ်နိုးကြ၍မှ မဟုတ်ဘဲ ကြွေမြေမဲ့ချင်၍၊ ရမ်းကား၍၊ အရှက်မဲ့ချင်ကြ၍ပါတကား။

လူငယ်ပီပီ တတ်တတ်ကြွကြွရှိတာ၊ သွက်လက်ထက်မြက်တာ၊ ခေတ်မီကြတာ အလွန်ကောင်းမွန်ပါသည်။ သို့သော် တတ်ကြွတာနဲ့ ကြွေမြေမဲ့တာ၊ သွက်လက်တာနဲ့ သိက္ခာမရှိတာ၊ ခေတ်မီတာနဲ့ ရမ်းကားတာတို့ မတူညီကြသည်ကိုတော့ သတိပြုသင့်ကြပါသည်။

ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာအဆုံးအမမှာလည်း အရှက်အကြောက်တရား၊ ဟီရိဩတ္တပတရားကို အထူးအလေးထားဆုံးမထားပါသည်။ တနည်းအားဖြင့် ဟီရိဩတ္တပဆိုသည်မှာ မကောင်းမှုပြုရမှာ ရှက်ကြောက်ခြင်းနှင့် မိမိတို့၏ အပြုအမူကို ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်မှာ ရှက်ကြောက်ခြင်းပင်ဖြစ်သည်။ ဤပွဲမျိုး၊ ဤအပြုအမူမျိုးများကို

ပညာရှိ သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်မှာ သေချာပါသည်။

ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ (Developing Country) တစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ လူ့စွမ်းအား အရင်းမြစ် (Human Resource) သည် အထူးပင် လိုအပ်လှပါသည်။ ယနေ့ ကမ္ဘာပေါ်ရှိ နည်းပညာဖွံ့ဖြိုးသော ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ (Developed countries)မှ လူငယ်အများစုသည် မိမိတို့ နိုင်ငံနှင့်လူမျိုးနည်းပညာ တိုးတက်မြင့်မားရေး အတွက် နေ့စဉ်နှင့်အမျှ အားထုတ်ကြိုးပမ်းနေကြပါသည်။

ခေတ်မီသည်ဆိုခြင်းမှာ သူတို့ဝတ်သည့်အတိုင်းလိုက်ဝတ်၊ သူတို့စားသည့်အတိုင်း လိုက်စား၊ သူတို့အော်သည့်အတိုင်း အသံသေးအသံကြောင်တွေ လိုက်အော်၊ သူတို့ အရှက်ကင်းမဲ့သည့်အတိုင်း လိုက်အရှက်မဲ့နေသည်ကို ဆိုလိုသည်မဟုတ်ပါ။ အနာဂတ်ခေတ်၊ အနာဂတ်ကမ္ဘာ (Future Age) မှာ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ အဆင့်အတန်းမြင့်မားရေး၊ မိမိတို့ ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအတွက် စဉ်ဆက်မပြတ် (Up to Date) ကြိုးပမ်းအားထုတ်နေခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ လူငယ်များမှာ ကိုရီးယားကား၊ တရုတ်ကားတွေကြည့်ပြီး မဟုတ်တာတွေကို အတုယူတာတော့ သိပ်မြန်ကြသည်။သူတို့အလုပ်ကို စနစ်တကျလုပ်တာ။ အချိန်လေးစားတာ၊ နည်းပညာမြင့်မားတာတွေကို ကျတော့ အတုမယူတတ်ကြ၊ မသိကျိုးကျွံပြုနေကြသည်။





ရှက်တတ်ရင် ကျွန်တော်တို့ လူငယ်တွေ ရှက်ဖို့ကောင်းပါပြီ။ သူတို့လူငယ်တွေတောင် သူတို့နိုင်ငံ တိုးတက်အောင် လုပ်နိုင်ကြသေးတာ၊ ကျွန်တော်တို့က ဘာလို့မလုပ်နိုင်ရမည်နည်း၊ ဘီယာသောက်ပြီး အသံသေးအသံကြောင်တွေ အော်မည့်အစား စာအုပ်တွေကိုင်၊ Seminar (ပညာရေးဆွေးနွေးပွဲ) တွေတက်၊ Library (စာကြည့်တိုက်)တွေသွားပြီး တိုးတတ်အောင် လုပ်သင့်ကြပါသည်။ အနာဂတ်ခေတ် အနာဂတ်ကမ္ဘာမှာ ကျွန်တော်တို့နိုင်ငံ တိုးတက်မြင့်မားဖို့ ကျွန်တော်တို့ လူငယ်တွေပေါ်မှာ အများဆုံး မူတည်နေပါသည်။

# ကိုယ့်ဘက် 'My Side'

ရင်ထဲမှာ ပြောချင်နေတာကြာပါပြီ။ ခု 'ပန်းအလက်ာ' မဂ္ဂဇင်းက ဖိတ်ခေါ်လာတာနဲ့ ဝမ်းသာအားရ ပွင့်အန်လိုက်ရတာပါ။ ကျွန်တော် ၂၀၀၂ တုန်းက 'နိုင်ငံကြီးသားပီသဖို့' ဆိုတဲ့ စာအုပ်တစ်အုပ် ထုတ်ဝေဖူးပါတယ်။ အခုလည်းလုံးချင်းဝတ္ထုတစ်အုပ်ကို ထုတ်ဝေနိုင်ဖို့ ကြိုးစားနေပါတယ်။ အနုပညာနဲ့ပတ်သက်ပြီးအရာရာဟာကြိုးစားဆဲအဆင့်ပေါ့။

ယနေ့ ကျွန်တော်တို့ အနုပညာလောကမှာ ပထမဆုံးပြောချင်တာက 'ဂီတ' ပေါ့။ ဒီဘက်ခေတ်မှာ ကျွန်တော်တို့ လူငယ် တော်တော်များများဟာ 'Hip-Hop, Pank' အစရှိတဲ့နိုင်ငံခြား ဂီတတွေပေါ်မှာ တော်တော်ကြီး တစ်ဘက်စွန်းရောက်အောင် ရူးသွပ်လာတာတွေ့ရပါတယ်။ ကျွန်တော် ဆိုလိုတဲ့အထဲမှာ ဂီတတင် မဟုတ်ပါဘူး။ သူတို့က ဂီတတစ်ရပ်ရဲ့ ဝတ်စားဆင်ယင်မှု၊ ပြောဆိုနေထိုင်မှုစတဲ့ Culture တွေကိုပါ ရူးသွပ်နေတာပါ။ ယနေ့





ကျွန်တော်တို့ လူငယ်တော်တော်များများကို မေးကြည့်ပါ။ 'နန်းတော်ရှေ့ဆရာတင်'တို့၊ 'ဂီတနက်သန်ကိုစောညိန်း'တို့ကို မသိရင်သာမသိမယ်၊ 'အမ်မီနမ်' တို့ 'ဘရစ်တနေးစပီးယား' တို့ဆိုရင် အားလုံးသိပါတယ်။ ဒါဟာ ကျွန်တော့်အနေနဲ့ ခေတ်နောက်ပြန်ဆွဲဝါဒီလုပ်နေတာ မဟုတ်ပါဘူး။ တကယ်တမ်း ကျွန်တော်တို့အနေနဲ့ ကမ္ဘာကို ထိုးဖောက်ဖို့ဆိုရင် copy တွေ ဆိုနေလို့၊ သူများနောက်လိုက်လုပ်နေလို့မရပါဘူး။ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန် နောက်ဆုံးကိုယ်ပိုင် ဂီတတစ်ရပ်ကိုတောင် ဖန်တီးပြီး ထိုးဖောက်ကြဖို့လိုမှာ ဖြစ်ပါတယ်။ ကိုယ့်ဂီတ၊ ကိုယ့်ယဉ်ကျေးမှုကို 'ကိုယ့်ဘာသာတောင် ' Pro-mote မလုပ်ကြရင် အထင်မကြီးကြရင်၊ ဘယ်သူမှလာပြီး အထင်ကြီးတော့မှာ မဟုတ်ပါဘူး။ ယဉ်ကျေးမှုကျဆုံးရင် လူမျိုးပါကျဆုံးမယ်ဆိုတာကို သတိချပ်သင့်ကြပါတယ်။

နောက်တစ်ခု ကျွန်တော်တင်ပြချင်တာက 'ဝတ္ထု'နဲ့ ပတ်သက်လို့ပါ။ ဒီနေ့ခေတ် ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တော်တော် ကျယ်ကျယ်လောင်လောင် ကြားနေရတာ ရှိပါတယ်။ အဲဒါက 'သတင်းခေတ်' (Information Age) ကို ရောက်ပြီ။ 'ရသစာပေ ကျဆုံးလာပြီ' ဆိုတာတွေပါပဲ၊ မှန်ပါတယ်၊ ဒီဘက်ခေတ်မှာ ကျွန်တော်တို့တစ်တွေဟာ အပြိုင်အဆိုင်ယှဉ်ပြိုင်မှု (Hyper Competition) တွေ ကြားမှာ မွေးဖွားလာကြတာဖြစ်လို့ အရာရာမှာ အလုအယက် လုပ်ကိုင်ဆောင်ရွက်နေကြရပါတယ်။ ဒီတော့ ဝတ္ထုတို့၊ ရသစာတမ်း

တို့ကို အရင်ကလိုအေးအေးဆေးဆေး မဖတ်နိုင်ကြတော့ဘဲ များသောအားဖြင့် လိုတိုရှင်းသတင်းအချက်အလက် (Short Information) တွေပေါ်မှာသာ အားပြုလာတာဖြစ်ပါတယ်။ ဒါပေမယ့် ရသစာပေ မကျဆုံးသေးပါဘူး။ တကယ်တမ်း ရသအနှစ်သာရပြည့်ဝတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို ပရိသတ်တွေက တစ်ခဲနက်အားပေးနေကြဆဲပါ။ ဒါပေမဲ့ တစ်ခုရှိတာက ကျွန်တော်တို့ရဲ့ ဈေးကွက်အခြေအနေပါပဲ။ ကျွန်တော်တို့ဆီမှာက စာရေးဆရာ တော်တော်များများက တစ်ခြားနိုင်ငံတွေက စာရေးဆရာတွေလို စာအုပ်တစ်အုပ်ရေးပြီး ဒေါ်လာသန်းချီရနေကြတာ မဟုတ်ပါဘူး။ နေ့စဉ် ဝမ်းစာလိုအပ်ချက်အရ တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်နေကြရတာဖြစ်လို့ သုတေတန (Research)ပိုင်း၊ ပြင်ဆင်မှု (Preparation Process) ပိုင်းတို့မှာ အားနည်းလာတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ နိုင်ငံခြားဈေးကွက် (Global Market)ကို ထိုးဖောက်ရပါမယ်။ စာအုပ်တွေကို English လို များများရေးနိုင်အောင် Quality Publish လုပ်နိုင်အောင် ကြိုးစားရပါမယ်။ ခေတ်အဆက်ဆက် မြန်မာ့ဂန္ထဝင် လက်ရာများကို နိုင်ငံခြားဘာသာပြန်ဆိုနိုင်အောင် အားထုတ်ရပါမယ်။ ဒီလိုဆိုရင်တော့ ရသစာပေဟာကေန်မုချ အားကောင်းမောင်းသန် ပြန်ဖြစ်လာမှာဖြစ်သလို အခြား သုတနဲ့နည်းပညာဆိုင်ရာ စာပေတွေလည်း တစ်ပြိုင်နက်ဖွံ့ဖြိုးလာကြမှာ ဖြစ်ပါတယ်။





ကျွန်တော် ယခုတင်ပြတာတွေဟာ စိတ်ကူးယဉ်ဆန်ကောင်းဆန်ပါလိမ့်မယ်။ ဒါပေမဲ့ လုံးဝဖြစ်မလာနိုင်တဲ့အရာတွေတော့ မဟုတ်ပါဘူး။ ဒီအတိုင်းထိုင်နေလို့ကတော့ ဒုံးရင်းက ဒုံးရင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒီတော့ တစ်ဆင့်ချင်း၊ တစ်ထစ်ချင်း အားထုတ်သွားကြဖို့ လိုအပ်ပါတယ်။

ဒီကနေ့ နိုင်ငံခြားရောက်နေတဲ့သူတွေက ပြောနေကြတယ်။ ဟိုမှာ အနုပညာ ဖန်တီးမှုအားတွေ၊ ခံစားမှုအားတွေ သိပ်ကောင်းပဲတဲ့။ ကျွန်တော်တို့ကရော သူတို့လို ဖြစ်မလာနိုင်ဘူးလား။ အားလုံးကြိုးစားကြဖို့ပဲ လိုပါတယ်။ တစ်ချိန်မှာ ကမ္ဘာကျော်မြန်မာအနုပညာရှင်တွေ အမြောက်အများပေါ်ထွန်းလာနိုင်ပါတယ်။ တစ်ခုရှိတာက အနုပညာရှင်တွေအနေနဲ့ မိမိတို့ရဲ့အောင်မြင်ကျော်ကြားမှု (Personal Famous) ဖြစ်ဖို့ထက် အမျိုးသားယဉ်ကျေးမှု၊ ဓလေ့ထုံးထမ်း (National Culture) စတာတွေကို လေးစားမြတ်နိုးကြဖို့၊ High Respect ရှိကြဖို့ အထူးပဲလိုအပ်ပါတယ်။ ယဉ်ကျေးမှု တိုးတက်ပြန့်ပွားမှ လူမျိုးလည်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။

**'အားလုံးကြိုးစားကြပါစို့'**

## နိုင်ငံတကာဘွဲ့

စာရေးသူတို့နိုင်ငံမှာ အခြားနိုင်ငံတစ်ခုခုကပေးတဲ့ ဘွဲ့တစ်ခုကို အဲဒီနိုင်ငံကိုမသွားဘဲ ကိုယ့်နိုင်ငံမှာပဲသင်ယူပြီး ရယူနိုင်တာ စာရေးသူတို့ တက်ရောက်ခဲ့တဲ့ B.Sc(Hons;) Degree in Computing and Information System Course တစ်ခုပဲရှိပါတယ်။ ကျန်တဲ့ Course တွေ၊ Specialization Degree တော်တော်များများဟာပြည်တွင်း Local မှာ အမြင့်ဆုံး Advanced Diploma Level လောက်အထိပဲ တက်ရောက်နိုင်ပြီး ဒီဂရီဘွဲ့လိုချင်တယ်ဆိုရင်တော့ နိုင်ငံခြားကိုထွက်ကြရပါတယ်။ စာရေးသူ တက်ရောက်ခဲ့တဲ့ B.Sc(Hons) CIS Course ကိုတော့ NCC Education(UK)နဲ့ KMD တို့က ပူးပေါင်းသင်ကြားပေးတာဖြစ်ပြီး ဘွဲ့ကိုတော့ London Metropolitan University က ချီးမြှင့်တာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီလို Course တွေဟာနိုင်ငံရဲ့ Human Resources ကို ထိန်းသိမ်းပေးရုံသာမက





နိုင်ငံခြား ငွေသုံးစွဲမှု Foreign Currency ကိုပါ သက်သာစေတာမို့ စာရေးသူကတော့ နှစ်သက်ပါတယ်။ နောက်ပြီး လက်ရှိ အခြေအနေမှာတော့ ကမ္ဘာ့စီးပွားပျက်ကပ် Financial Crisis ကြောင့် ပြင်ပကိုထွက်ဖို့ အခက်အခဲရှိတဲ့ ညီငယ်၊ ညီမငယ်တို့အတွက် လက်ရှိအခြေအနေမှာ ကိုယ့်ပြည်တွင်းမှာပဲနေပြီး နိုင်ငံတကာအသိအမှတ်ပြု အိုင်တီဘွဲ့တစ်ခု ရရှိနိုင်တဲ့အတွက် ဒီ Course ကို ရွေးချယ်တတ်ရောက်သင့်တယ်လို့ ထင်ပါတယ်။

IDCS, IADCS, BCIS ဆိုပြီး သုံးနှစ်တာ သင်တန်းကာလ ပြီးဆုံးတဲ့နောက် ၂၀၀၈ ခုနှစ် အောက်တိုဘာလမှာတော့ စာရေးသူဟာ (BCIS) ဘွဲ့ကို ရရှိခဲ့ပါတယ်။ ဘွဲ့နှင်းသဘင်ကိုတော့ နိုဝင်ဘာလ ၉ ရက်နေ့ ညနေ ၄နာရီမှာ Myanmar Info Tech မှာ ပြုလုပ်မယ်လို့ KMD က ဖိတ်စာပို့ထားပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ဘွဲ့နှင်းသဘင်ပါ။ တကယ်လို့ စာရေးသူတို့က ဆန္ဒရှိရင် UK မှာပြုလုပ်တဲ့ ဘွဲ့နှင်းသဘင်ကိုလည်း သွားပြီတက်ရောက်နိုင်ပါတယ်။ ( ဟဲ ဟဲ လေယာဉ်လက်မှတ်ဖိုးကတော့ ကိုယ့်ဘာသာကိုယ် စိုက်ရမှာပေါ့) စာရေးသူတို့နိုင်ငံမှာ မိန်းကလေးတွေဆိုရင်တော့ ဘွဲ့တစ်ခါယူဖို့ တော်တော်လေးပြင်ဆင်ကြရပါတယ်။ မိတ်ကပ်တွေ၊ ဆံပင်တွေ၊ ပန်းတွေနဲ့ သူတို့သာသာသူတို့ ရှုပ်ယှက်ခတ်နေတာပါပဲ။ ဒီကြားထဲ ဘွဲ့ယူတဲ့အခါ ဘယ်နေရာမှာ အသုံးလိုလို့လည်းတော့ မသိပါဘူး။ ပိုက်ဆံအိတ် ပိစိကွေးလေးတွေက 'တွဲလောင်းတွဲလောင်း' နဲ့ ပါလာတတ်

ပါသေးတယ်။ စာရေးသူတို့ ယောကျ်ားလေးတွေက မိတ်ကပ်လည်းမလို၊ ပန်းလည်းမလို၊ ပိုက်ဆံအိတ်လည်းမလိုဆိုတော့ သိပ်ကရိကထ မများလှပါဘူး။ စာရေးသူကတော့ ဒီပွဲမှာ Asia Style ပေါ်အောင် စတစ်ကော်လံအပြာရယ်၊ စတိုင်လ်ဘောင်းဘီအနက်ရယ်၊ ရှူးရယ်ဝတ်ဖို့ စိတ်ကူးထားပါတယ်။ ဒါတောင်စာရေးသူက မြန်မာပုဆိုးဝတ်ချင်တာပါ။ ဒါပေမဲ့ ဘွဲ့ဝတ်စုံအောက်က ပုဆိုးကျွတ်ကျရင် အခက်ပဲဆိုပြီး ဘောင်းဘီပဲဝတ်ဖြစ်တာပါ။

အဲဒီနေ့က အခမ်းအနားစတင်မယ့် အချိန်ကို ဖိတ်စာပေါ်မှာ ညနေ ၄ နာရီလို့ ရေးထားတာမို့ စာရေးသူလည်း အခမ်းအနားကျင်းပမယ့် Myanmar Info Tech မြက်ခင်းပြင်ကို ညနေ ၃ နာရီ ၄၅ မိနစ်လောက်မှာ ရောက်ပါတယ်။ အခမ်းအနားကို KMD က (Myanmar Info Tech) မြက်ခင်းပြင်မှာ စားပွဲဝိုင်းကလေးတွေ နဲ့ ညစာစားပွဲပုံစံ စနစ်တကျ ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ ဝင်သွားသွားချင်း ဆရာမတစ်ယောက်က 'ဟော့ လင်းသိုက်ညွန့် နင် စားပွဲဝိုင်း ၂ မှာ ထိုင်ရမယ်' လို့ပြောပါတယ်။ မိဘတွေက ကျောင်းသားတွေနဲ့မထိုင်ရပါဘူး။ နောက်နားလောက်က ဝိုင်းတွေမှာပဲ ထိုင်ရပါတယ်။ စာရေးသူတို့ ထိုင်နေတုန်း ဓာတ်ပုံဆရာတွေက အမှတ်တရ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ပေးပါတယ်။ အင်း စုစုပေါင်း ခြောက်ပုံ၊ ခုနှစ်ပုံလောက်ရှိမယ် ထင်ပါတယ်။

ဒါနဲ့ ထိုင်ရင်းထိုင်ရင်း စာရေးသူစိတ်ထဲမှာ အချိန်က တော်တော်လေး





ကြာလာတယ် ထင်ပါတယ်။ ဒါနဲ့ မသင်္ကာလို့ လက်ကနာရီကို ငုံ့ကြည့်လိုက်တော့ ညနေ ၄ နာရီခွဲတောင်ရှိနေပြီပဲ။ စာရေးသူမှာ လိုရမယ်ရယူလာတဲ့ 7Day News Journal ကိုလည်း ဖတ်ရတာဖင်ပြန်၊ ခေါင်းပြန်ရှိနေပါပြီ။ စာရေးသူမှာက အကျင့်တစ်ခုရှိပါတယ်။ ဘယ်နေရာသွားသွား ကိုယ်ကထိုင်စောင့်နေရမယ်ဆိုရင် ဖတ်စရာစာအုပ်တစ်အုပ်ရယ်၊ Laptopရယ် အမြဲယူသွားပါတယ်။ Laptop ထဲမှာတော့ ညဘက်က Internet ပေါ်က Download ချပြီး ဖတ်ဖို့တေးထားတဲ့ webpage လေးတွေကို အဲ့ဒီအချိန်မှာ ဖတ်ဖြစ်တာပါ။ ဒါမှသာ ကိုယ့်အတွက် တတ်နိုင်သမျှအချိန်ကလေးတွေ Save ဖြစ်မှာပါ။ ကျွန်တော်တို့နိုင်ငံမှာလည်း စောင့်ရ၊ ဆိုင်းရတဲ့နေရာတွေက အများသားမို့လား။

ဒါနဲ့ ကျွန်တော်လည်း နီးစပ်ရာ ဆရာမတစ်ယောက်ကို မေးကြည့်တော့ UK က NCC Company ရဲ့ (MD)ကျွန်တော်တို့ရဲ့ ပါမောက္ခက လေယာဉ်မဆိုက်သေးလို့လား၊ ဘာလားမသိဘူးပြောပါတယ်။ ဩော်. . . ဒါနဲ့ ကျွန်တော်ပြောဖို့ နည်းနည်းလေးကျန်ခဲ့ပါတယ်။ ခုတစ်ခေါက် ကျင်းပတဲ့ ကျွန်တော်တို့ Graduation Ceremony က KMD က ခါတိုင်းကျင်းပတဲ့ Graduation Ceremony တွေနဲ့ မတူပါဘူး။ ခါတိုင်းဆို ကျွန်တော်တို့ ဘွဲ့ကို ခုလို (UK) က Professor ကိုယ်တိုင် လာမပေးဘူး။ ဒီနှစ်မှာတော့ Professor Felix ကသူ့ဘာသာသူ ဘာဖြစ်လို့ မြန်မာနိုင်ငံလာလည်းတော့

မသိပါဘူး။ ကျွန်တော်တို့ကိုတော့ ဘွဲ့ဝင်လာပေးသွားပါတယ်။ သူတို့လူမျိုးတွေ အချိန်တိကျတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ မင်းတို့ကတော့ လာချင်တဲ့အချိန်လာ၊ ငါတို့မြန်မာတွေက အချိန်ပေါ်ပါတယ်၊ ထိုင်စောင့်မယ် ဆိုတာမျိုးတော့ မဖြစ်သင့်ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာတွေ လည်း အချိန်တိကျဖို့ ကြိုးစားကြရပါဦးမယ်။

အဲဒီလိုနဲ့ ညနေ ၅ နာရီ ထိုးခါနီးလောက်မှာတော့ အခမ်းအနားစဖြစ်ခဲ့ ပါတယ်။ အခမ်းအနားစစချင်း Professor Felix Straven က မိန့်ခွန်း ပြောကြားပါတယ်။ လူငယ်တွေအနေနဲ့ လတ်တလော ကမ္ဘာ့ငွေကြေး အကျပ် အတည်း Financial Crisis ဖြစ်နေတဲ့ အချိန်မှာ ပညာရေးကို အခြေခံတဲ့ Professional Skill တွေကို ပိုပြီးအားကောင်းလာအောင်လုပ်ဖို့ပြောကြား သွားပါတယ်။ Professor Felixပြောကြားသွားတဲ့အထဲမှာ 'ပညာရေး အင်အားကြီး Educational Super Powerနိုင်ငံဖြစ်တဲ့ သူတို့ရဲ့UK နိုင်ငံ ဟာ' ဆိုတဲ့ စကားလေးကိုကြားတော့ စာရေးသူတို့နိုင်ငံလည်း သူတို့လိုဖြစ် လာအောင် ကြိုးစားကြရတော့မယ်ဆိုတဲ့ မခံချင်စိတ်လေးနဲ့ တွေးမိပါသေး တယ်။

နောက် KMDရဲ့CEOနဲ့Chairmanလည်းဖြစ်တဲ့ဆရာဦးသောင်းတင်က မိန့်ခွန်းပြောကြားပါတယ်။ ဆရာဦးသောင်းတင်ပြောသွားတဲ့အထဲမှာBrain Mobilization (ဦးနှောက်ရွေ့လျားမှု)ဆိုတဲ့အ သုံးနှုန်းအသစ်ကလေးတစ်ခု





ကိုလည်း မှတ်သားရပါတယ်။ ဆရာပြောချင်တာက ဒီနေ့ခေတ်မှာ ကျွန်တော် တို့ ပြောပြောနေကြတဲ့ ဦးနှောက်ယိုစီးမှုBrain Drain တို့၊ Brain Gainတို့ ဆိုတာမရှိတော့ဘဲ ဦးနှောက်တွေ အပြန်အလှန်ရွေ့လျားဖလှယ်နေတဲ့Brain Mobilization ဆိုတာမျိုးပဲရှိတော့တယ်ဆိုတဲ့သဘောပါ။ မှန်ပါတယ်၊ ဆရာ ပြောသလို Brain Mobilizationဆိုတာကိုလက်ခံပါ တယ်။ ဒါပေမယ့် ကိုယ့် ဆီက Brainတွေကသူများတွေဆီကိုပဲ လိမ့်ထွက်နေပြီး ကိုယ့်ဆီကိုတော့ သူ တို့ဆီကBrainတွေတစ်ခုမှမလာဘူးဆိုတာကိုတော့ သတိချပ်ကြရမှာဖြစ်ပါ တယ်။ ဒီနေ့ခေတ်မှာ ကမ္ဘာနှင့်အဝန်း Financial Crisis ကြီးဖြစ်နေတာမို့ လက်ရှိအခြေအနေမှာတော့ စာရေးသူတို့အနေနဲ့ Brain Drainဆိုတာကို အနည်းငယ်သက်သာနေမှာပါ။ ဒီတော့ ဒီအခြေအနေမှာ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်နိုင်ငံကကျွမ်းကျင်ပညာရှင်တွေကို ထိုက်သင့်တဲ့ လစာတွေပေး၊ လက်ရှိကမ္ဘာ့ရေးရာတွေကို စနစ်တကျသုံးသပ်ပြီး အမျိုးသားအကျိုးစီးပွား National Interestအတွက် ပြည်ပအခွင့်အလမ်း Foreign Opportunities တွေကို စနစ်တကျဆုပ်ဖမ်း ဆောင်ရွက်သွားကြ ပါက စာရေးသူတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက် အကူ ပြုနိုင်မှာဖြစ်ပါတယ်။ တကယ်တော့ အကျပ်အတည်းCrisis ဆိုတာ တွေဟာ ကြည့်တတ်၊ မြင်တတ်ရင် အခွင့်အလမ်းတွေ Opportunities အဖြစ် ပြောင်းလဲသွားတတ်ကြပါတယ်။

အဲ့ဒီနောက်မှာတော့ Professor Felixက စာရေးသူတို့ကို B.Sc (Hons) ဘွဲ့ လက်မှတ်ကိုချီးမြှင့်ပါတယ်။ ဒီဘွဲ့ဟာ စာရေးသူဘဝမှာ ပထမဆုံးရတဲ့ ဒီဂရီဖြစ်ပါတယ်။ Dagon University ကဥပဒေ(LL.B) ဘွဲ့ကိုတော့ ၂၀၀၉ ခုနှစ်ထဲမှာမှ ရရှိမှာဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့ Master Dergreeကို ၂၀၁၀လောက်မှာစင်ကာပူမှာဖြစ်ဖြစ် သွားတတ်ဖြစ်ဖို့ စာရေးသူမှာ အစီအစဉ်ရှိပါတယ်။ (ကျောင်းပြီးတာနဲ့ မြန်မာနိုင်ငံကို ပြန်လာမှာပါ။ ဟိုမှာ အလုပ်လုပ်ဖို့ အစီအစဉ်မရှိပါဘူး။)

တကယ်တော့ ဘဝမှာ ပညာရေးဆိုတာ ဘယ်တော့မှဆုံး ခန်းတိုင်တယ် မရှိပါဘူး။ (မင်္ဂဏာ်ဖိုလ်ဥဏ်မရမချင်းပေါ့)။ ဒီဘွဲ့လက်မှတ်တွေ ဆိုတာက လည်း ဘဝဆိုတဲ့ ကျောင်းတော်ကြီး (The School of Life) မှာ အဆင့်မြင့်မြင့် ပညာသင်ကြားနိုင်ဖို့ ကျောင်းဝင်ခွင့်လက်မှတ်တွေလို့ စာရေးသူကတော့ ယူဆပါတယ်။ ခုမှ စာရေးသူတို့က ဘဝဆိုတဲ့ကျောင်းတော်ကြီးမှာ သူငယ်တန်းကနေ စတက်ကြရမှာပါ။

သေချာတာတစ်ခုကတော့ ဒီကျောင်းတော်ကြီးမှာပိတ်ရက်(Informal Day)ဆိုတာလုံးဝမရှိသလို စာရေးသူတို့ငယ်ငယ်ကလို ရုပ်ရှင်ကြည့်ချင်လို့၊ ကောင်မလေးနဲ့ချိန်းတွေ့ချင်လို့ဆိုပြီး ကျောင်းပြေးလို့လည်းလုံးဝ (လုံးဝ) ရကြမှာမဟုတ်ဘူးဆိုတာပါပဲ။



# လူငယ်တွေ လေ့လာသင့်တဲ့ စကားပြောနည်း

-၁-

ဒီဆောင်းပါးကလေးကို teenမှာရေးဖို့ စိတ်ကူးရလာတာကစာရေးသူအနေနဲ့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (Myanmar Anti Narcotic Association)မှ ဇွန်လ ၂၂ရက်နေ့ကကြီးမှူးကျင်းပခဲ့တဲ့ ပထမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးဘာသာရပ် ကျပန်းစကားပြောပြိုင်ပွဲမှာ သက်ကြီးတန်း အင်္ဂလိပ်ဘာသာနဲ့ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ရာက စခဲ့တာပါ။ စာရေးသူမှာက မူတစ်ခုရှိပါတယ်။ မိမိမကျွမ်းကျင်တဲ့ အကြောင်းအရာ၊ ဘာသာရပ်တွေအကြောင်းရေးတော့မယ်ဆိုရင် စာတွေ သက်သက်ထက် ကိုယ်တိုင်ကိုယ်ကျ လက်တွေ့လေ့လာပြီးမှ ရေးလေ့ရှိပါတယ်။ ဥပမာ teenမှာရေးသားခဲ့တဲ့ ကျွန်တော်မော်ဒယ်လ်ဆောင်းပါးSeries ကလေးတွေဆို တကယ့်Model ပြိုင်ပွဲတွေမှာ စာရေးသူကိုယ်တိုင် ပြိုင်ပွဲဝင်အဖြစ်ကိုယ်တိုင်ကိုယ်ကျ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးမှရေးသားခဲ့တာပါ။

-၂-

ခုလည်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)က မြန်မာ-အင်္ဂလိပ်နှစ်ဘာသာနဲ့ ပထမကြိမ်ကျပန်းစကား ပြောပြိုင်ပွဲကျင်းပမယ်ဆိုတာကိုThe Action Time Journalမှာ ဖတ်လိုက်ရတာနဲ့စာရေးသူလည်းစိတ်ဝင်စားစွာနဲ့MANA ရုံးချုပ်မှာ လျှောက်လွှာသွားတင်ဖြစ်ခဲ့ပါတယ်။ ပြိုင်ပွဲက အသက်၁၄နှစ်မှ၁၆ နှစ်ကို သက်လတ်တန်း၊ အသက် ၁၆ နှစ်မှ ၂၅ နှစ်ထိကို သက်ကြီးတန်းဆိုပြီး နှစ်ပိုင်းခွဲကျင်းပမှာဖြစ်ပါတယ်။ ဇွန်လ ၂၂ရက်နေ့မှာ မယှဉ်ပြိုင်ခင် ၂၀ရက်နေ့မှာပဏာမ ရွေးချယ်ခံရဦးမယ်လို့လည်း သိရပါတယ်။ စာရေးသူတို့နိုင်ငံမှာ မြန်မာဘာသာနဲ့ ကျပန်းစကားပြော ပြိုင်ပွဲတွေတော့ မကြာမကြာကျင်းပလေ့ရှိကြပေမယ့်စာရေးသူအထင်အင်္ဂလိပ်ဘာသာနဲ့ကျင်းပတာကတော့ ဒါပထမဆုံးအကြိမ်လို့ထင်ပါတယ်။ စကားရည်လုတာတို့ကျပန်းပြောတာတို့ Debate (စကား အချေအတင်ပြောတာ)တို့ဆိုတာဖူးငုံတို့ အတွက်တကယ်ရှိသင့်တဲ့ပြိုင်ပွဲတွေပါ။ နိုင်ငံတကာမှာလည်း (Debate)ဆိုတာ ကမ္ဘာ့အဆင့်ထိအောင် ပြိုင်ပွဲကြီးတွေကြီးကြီးကျယ်ကျယ်ကျင်းပပြီး လူငယ်တွေကို ယှဉ်ပြိုင်စေလေ့ရှိပါတယ်။ တကယ်တော့ လူဆိုတာစကားပြောဆိုခြင်းကို ဘဝမှာမကြာခဏ ဆိုသလိုတွေ့ကြုံကြရမှာပါ။ အထူးသဖြင့် ရည်မှန်းချက်မြင့်မြင့်မားမားထားပြီး မိမိတို့သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ဦးဆောင်မှုအဆင့် (Leading Role)ကို





ရောက်လိုတဲ့ ဖူးငုံတို့အတွက် ဒါကို မလေ့လာမဖြစ် လေ့လာထားသင့်တယ်လို့ စာရေးသူကယူဆပါတယ်။

-၃-

ဇွန်လ ၂၀ရက်နေ့ပဏာမရွေးချယ်ပွဲ၊စာရေးသူတို့သက်ကြီးတန်း ပြိုင်ပွဲကိုလာရောက်ယှဉ်ပြိုင်သူကတော့စုစုပေါင်း ၂၅ယောက်လောက်ရှိမယ်ထင်ပါတယ်။ အဲဒီထဲကမှBast Selection ၆ယောက်ကို ရွေးချယ်ပြီး ဇွန်လ ၂၂ရက်နေ့မှာ နိုင်ငံတော်အဆင့်နောက်ဆုံး(Final) ပြိုင်ပွဲကို ယှဉ်ပြိုင်စေမှာပါ။ ပဏာမရွေးချယ်ပွဲနေ့က ဒိုင်များအဖြစ် MANAက အလုပ်အမှုဆောင်တွေနဲ့ INGOကိုယ်စားပြုနိုင်ငံခြားသားတစ် ဦးပါပါတယ်။ ပြိုင်ပွဲဝင်အချင်းချင်းတီးတိုးပြောသံတွေအရ တော်တော်များများကနိုင်ငံခြားသားဒိုင်တစ်ဦးပါလာလို့ပြောရမှာကြောက်နေကြသတဲ့။ မောင်လင်းသိုက်ညွန့်တို့ကတော့ မကြောက်ပေါင်။ ပိုတောင်ကြိုက်သေး။ ဟုတ်တယ်လေ။ ခုလိုနိုင်ငံခြားသားတစ်ယောက်ပါလာတော့ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ ရှေးအတိတေဘိုးတော်ဘုရားလက်ထက်ကတည်းက မူးယစ်ဆေးဝါးကိုဆန့်ကျင်ခဲ့ပုံတွေ၊ အာရှမှာ ဘိန်းကိုအင်္ဂလိပ်တွေဘယ်လိုဖြန့်ဖြူးခဲ့သလဲ စတာတွေကိုအားရပါးရပြောလို့ရတာပေါ့။ ပြီးတော့ ပြောရမှာကလည်းအင်္ဂလိပ်လို။ ကိုယ့်မြန်မာအချင်းချင်း အင်္ဂလိပ်လိုမှုတ်နေရတာတော့ သိပ်အာမတွေ့လှဘူးပေါ့ဗျာ။ ဟုတ်တယ်မို့လား။

အဲဒီနေ့က မဲန္နိုက်တော ့ကျွန်တော်ပြောရမယ့် ခေါင်းစဉ်က 'Anti Narcotic And Peer,Family,Society and Me' တဲ့။ ပြီးတော့ မောင်လင်းသိုက်ညွန့်တို့ပြောရမှာကလည်းနံပါတ်တစ်တဲ့။ ကောင်းရော။ ကိုယ်လည်းစင်ပေါ်တက်ပြောရလို့ Effectနည်းနည်းရှိပေမယ့် တတ်နိုင်သလောက်တော့အကောင်းဆုံးပြောဖြစ်ခဲ့ပါတယ်။ ပြီးတော့သူများတွေပြောတာကို အေးအေးဆေးဆေး ထိုင်ကြည့် ဖြစ်ခဲ့ပါတယ်။

အဲဒီမှာထူးထူးခြားခြား သတိပြုမိတာက ကိုယ်ထက်တော်တော် ကောင်းအောင်ပြောနိုင်တဲ့တရုတ်မလေးတစ်ယောက်ကိုတွေ့ရပေမယ့်ကျန်တဲ့ သူတော်တော်များများဟာEnglish Speaking Skill,Presentation Skillတို့တော်တော်လေးအားနည်းတာကို ဝမ်းနည်းဖွယ်တွေ့ရှိရပါတယ်။ ကျွန်တော့်ထက်တော်တဲ့ ကောင်မလေးနဲ့စကားပြောကြည့်တော့လည်းသူက မကြာသေးမီကမှ ကိုရီးယားသံရုံးက ကိုရီးယားယဉ်ကျေးမှုအစီအစဉ်အတွက် ကိုရီးယားသွားဖို့အရွေးခံထားရတာတဲ့။ ပြီးတော့ နိုင်ငံခြားမှာပညာသွားသင်၊ အလုပ်လုပ်ဖို့လည်း ရည်ရွယ်ထားသတဲ့။

ဒီကနေ့ ကျွန်တော်တို့လူငယ်အများစုမှာနည်းနည်းလေးထူးချွန် ထက်မြက်သည့်သူကိုတွေ့လို့မေးကြည့်လိုက်လို့ရှိရင်အားလုံးလိုလိုက နိုင်ငံခြားသွားအလုပ်လုပ်မယ်လို့ တညီတညွတ်တည်းပြန်ဖြေနေကြတာကို ဝမ်းနည်းဖွယ် တွေ့ရပါတယ်။ ဒီပုံအတိုင်းဆို ပြည်တွင်းမှာနေနေတဲ့မိမိတို့ကပဲ နလပိန်း





တုံးကြီးတွေလိုဖြစ်နေပါတယ်။ တကယ်ရော ကျွန်တော်တို့ အဲသလိုဖြစ်နေကြပါသလား။ မဖြစ်ရပါဘူး။ လုံးဝကို မဖြစ်ရပါဘူး။ တောင်ကြီးက မိုဟာမက်ဆီမလာရင် မိုဟာမက်က တောင်ကြီးဆီသွားရပါမယ်။ ကျွန်တော်တို့နိုင်ငံဟာ ယနေ့မှာဖွံ့ဖြိုးဆဲနိုင်ငံ(Developing Country)ဖြစ်သည်နှင့်အညီ ယနေ့အချိန်မှာအခြားဖွံ့ဖြိုး ပြီးနိုင်ငံ(Developed Country)ကြီးများနှင့်နှိုင်းယှဉ်ရင်လုပ်ခ လစာပေးနိုင်မှုအားနည်းကောင်းနည်းပါးလိမ့်မယ်။ ပညာရေး Supportတွေ အားနည်းကောင်းနည်းပါးလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒီအတိုင်းထိုင်နေကြမှာလား။ ဒီအတိုင်းနေလို့ကတော့ ဒုံရင်းကဒုံရင်းပဲဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ခေတ်မှာလည်း သူများနိုင်ငံမှာကျောင်းသွားတက်၊ အလုပ်သွားလုပ်၊ဟော ကျွန်တော်တို့မြေးမြစ်တွေ လက်ထက်ကျရင်လည်း ဒီလိုပဲ သံသရာလည်နေပါလိမ့်မယ်။

ဒါကြောင့်မို့ ကျွန်တော်တို့မျိုးဆက်လူငယ်များအနေဖြင့်အနစ်နာခံကြဖို့လိုပါတယ်။ မိမိတို့တစ်ကိုယ်ရေတိုးတက်ဖို့ဆောင်ရွက်ကြသလို မိမိနိုင်ငံတိုးတက်ဖို့လည်း ဆောင်ရွက်ကြဖို့လိုပါတယ်။ သူများနိုင်ငံတွေမှာ သူတို့ကဒီလိုServiceတွေSupportတွေနဲ့ ဒီလိုလေ့လာ၊ ဒီလိုလုပ်နေကြတယ်။ ငါတို့ကလည်း ငါတို့နိုင်ငံမှာရသမျှ ရင်းမြစ်(Resource)တွေနဲ့ သူတို့နဲ့ တန်းတူ လေ့လာလုပ်နိုင်ရမယ်စသဖြင့် စိတ်ဓာတ်တွေမွေးမြူကြဖို့လိုပါတယ်။ သို့မှသာ ကျွန်တော်တို့ သားသမီး၊မြေးမြစ်များ လက်ထက်တွင်သူများနိုင်ငံကို

အောက်ကျနောက်ကျခံသွားစရာမလိုဘဲ မိမိတို့နိုင်ငံမှာပင် အဆင့်မီတက္ကသိုလ်ကြီးတွေမှာပညာသင်၊ လုပ်ခလစာကောင်းကောင်းဖြင့် လုပ်ငန်းခွင်ဝင်နိုင်ကြပါမယ်။ အခြားသောနိုင်ငံများကပင် မိမိနိုင်ငံတွင်အလုပ်အကိုင်လာရောက်အလုပ်လုပ်ကိုင်ကြရမည်ဖြစ်ပါတယ်။ ဤအကြောင်းကိုတွေးမိတိုင်း ပြီးခဲ့တဲ့လဖူးငုံမှာပါတဲ့မခင်သစ်ရည်လို ပုဂ္ဂိုလ်မျိုးများကိုအလေးအနက်ဦးညွှတ်မိပါတယ်။

အဲဒီပဏာမ ရွေးချယ်ပွဲနေ့က ကျွန်တော်ထင်တဲ့အတိုင်း အရွေးခံရတဲ့ ၆ယောက်မှာ ကျွန်တော်က ဒုတိယ၊ဟို ကောင်မလေး ကပထမနဲ့အရွေးချယ်ခံရပါတယ်။ ဒီနေရာမှာအလျဉ်းသင့်လို့ဖူး ငုံတို့ကိုအဲသည်နေ့က ကျွန်တော် Internetပေါ်ကလေ့လာခဲ့တဲ့ဆိုတဲ့ How to Start a Speechဆိုတဲ့ Tip လေးကို မျှဝေပေးလိုပါသည်။ ဒီTipလေးဟာ (Public Speaking)မှာများစွာ အသုံးဝင်ပါတယ်။

အဲဒီ Tip လေးကသိပ်များများစားစားမဟုတ်ပါဘူး။ အားလုံးပေါင်းမှ ၅ချက်ထဲပါ။ အဲဒါတွေက ဘာတွေလဲဆိုတော့. .

***How to start a speech do's and dont's***

1.Do memorize your first sentence.

ပထမဆုံးစကားပြောရမယ့်အချိန်မှာ ကျွန်တော်တို့ရဲ့စိတ်တွေဟာ တော်တော့်ကိုလှုပ်ရှားနေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ပထမဆုံး





ပြောရမယ့် စာကြောင်းတစ်ကြောင်းနှစ်ကြောင်း ကိုသေသေချာချာ ပြင်ဆင်ထားပြီးမထစ်မငေါ့အောင်ကျက်မှတ်ထား ဖို့လိုပါတယ်။

2.Don't start with a joke.

ဘယ်တော့မှဟာသတွေပြောပြီးSpeechတစ်ခုကို စမဖွင့်ပါနဲ့။ ကျွန်တော်တို့ဟာ ဟာသရုပ်ပြောင်တွေမဟုတ်တာမို့ ဘယ်တော့မှ Speech တစ်ခုကို ဟာသနဲ့ စမဖွင့်သင့်ပါဘူး။ ဒါပေမယ့် နောက်ပိုင်းတဖြည်းဖြည်းပရိသတ်နဲ့ ကိုယ်နဲ့ရင်းနှီးသွားရင်တော့ အလျဉ်းသင့်ရင်သင့်သလို ဟာသကလေးတွေ ထည့်သွင်းပြောသွားနိုင်ပါတယ်။

3.Don't Waste time  the Pleasantries.

ကိုယ့်ရဲ့ peech တစ်ခုမှာတက်ရောက်လာတဲ့ပရိသတ်ကိုအထူး ကျေးဇူးတင်တာတို့၊ ယခုလိုပြောခွင့်ရတဲ့အတွက် အထူးပဲဝမ်းသာတာတို့စတဲ့ မလိုအပ်တဲ့ Pleasantries တွေနဲ့အချိန်ကို အလဟဿ မဖြုန်းသင့်ပါဘူး။

4.Do jump right in.

ကိုယ် Speech ထဲမှာ Story တစ်ခုပဲပြောပြော၊ Brief quote တစ်ခုကိုပဲ ညှပ်ပြောပြော ဘာကိုပဲဖြစ်ဖြစ် ကိုယ်ကဆရာကြီးလေသံနဲ့ Introduce လုပ်ပြီးမှ မပြောမိပါစေနဲ့။

5.Don't Apologize

ကျွန်တော်ပြင်ဆင်ချိန်သိပ်မရလို့ ဒီလောက်ပဲ ပြောနိုင်ပါတယ်။ ကျွန်

တော့်မှာ အတွေ့အကြုံသိပ်မရှိလို့ အမှားပါရင် ခွင့်လွှတ်ပါစတဲ့ တောင်းပန်စကားတွေဟာ ကိုယ့် Impression ကို များစွာကျဆင်းစေတာမို့ လုံးဝ၊ လုံးဝမပြောမိပါစေနဲ့။

ကျွန်တော်တို့ဘယ် Speech ပဲပြောပြော ဒီအချက်၅ချက်ကို လိုက်နာပြီး ကိုယ့်ရဲ့ Speech ကို စဖွင့်သင့်ပါတယ်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကိုတော့ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ နဲ့၂၀၀၈ ခုနှစ်ဇွန်လ၂၂ရက်နေ့မှာ အ. ထ. က ၆ ဗိုလ်တစ်ထောင် အောင်ကျော်ခန်းမမှာ ကျင်းပပါတယ်။ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ ဒိုင်များအဖြစ် ဆရာလယ်တွင်းသားစောချစ်၊ ဆရာမ မစန္ဒာ၊ဆရာ မောင်ဆုရှင်စတဲ့ ပညာရှင်များက ဆောင်ရွက်ပါတယ်။ ကျွန်တော် တို့သက်ကြီး (Senior) တန်းပြိုင်ပွဲမကျင်းပခင်မှာသက်လတ်တန်း (၁၄ မှ ၁၆ နှစ်)ကလေးတွေပြောတာကို ကြည့်ရင်း တော်တော်လေး English ကိုနိုင်နိုင်နင်းနင်းပြောနိုင်တာကိုတွေ့ရပါတယ်။ (ဟဲဟဲ. . ဒီကလေးတွေ ကြီးလာရင်အကုန်လုံး နိုင်ငံခြားမထွက်ကုန်ဖို့ပဲလိုပါတယ်)

မောင်လင်းသိုက်ညွန့်တို့ကတော့ နံပါတ်တစ်နဲ့အမြဲအကျိုးပေးသလား မသိပါဘူး။ ဒီကနေ့လည်း ပြိုင်ပွဲဝင် ၆ ယောက်မှာ ပထမဆုံးစပြောရမှာက မောင်လင်းသိုက်ညွန့်ပါပဲ။ ခေါင်းစဉ်က ကိုယ်သေချာ Prepare မလုပ်ခဲ့မိတဲ့ 'The Gateways Drugs" တဲ့။ ကဲ. . ကောင်းရော။





ပြိုင်ပွဲအတွက် ဆုတွေကြေငြာတော့ ထင်တဲ့အတိုင်းမောင် လင်းသိုက်ညွန့်တို့ကတော့ ဒုတိယပါပဲ။ ပဏာမရွေးချယ်ပွဲနေ့က ပထမရတဲ့ တရုတ်မလေးပဲ ဒီကနေ့ ပထမရသွားပါတယ်။ ထိုက်ထိုက်တန်တန်ရရှိသွားတာမို့ သူ့ကိုကွန်ဂရက်ကျူလေးရှင်း လုပ်ခဲ့ပါတယ်။ ဒုတိယဆုအဖြစ် MANA နဲ့ လွယ်ဟိန်းကုမ္ပဏီတို့က ငွေကျပ်သုံးသောင်း ချီးမြှင့်ပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီနိုင်ငံသစ်ကို အသွင်ကူးပြောင်းနေတဲ့ကာလ (Transformation Period) ဖြစ်ပါတယ်။ နောင် ပေါ်ပေါက်လာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ လူငယ်တွေအနေနဲ့ နယ်ပယ်အသီးသီးမှာ ဦးစီးဦးဆောင်ပြုနိုင်ကြဖို့ Public Speaking ကို လေ့လာထားကြဖို့လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

# လူငယ့်စိတ်ကူး

ဘဝဆိုတာ အဆက်မပြတ်ခုတ်မောင်းနေတဲ့ မီးရထားကြီးတစ်စီးလိုပါပဲ။ ပန်းတိုင်တစ်ခုကိုပဲ ဦးတည်သွားနေတာပဲ။ ဒါပေမယ့် လမ်းမှာ ဘူတာတွေ တော့ မှားရပ်မိချင် ရပ်မိခဲ့မှာပေါ့။ ကျွန်တော့်ဘဝကလည်း ဘူတာတွေ အများကြီး မှားရပ်ခဲ့တာပေါ့။ ဒါပေမယ့် ဘဝရဲ့သီအိုရီကိုကလဲကျရင် ပြန်ထဖို့မဟုတ်လား။ ခုနှစ်ခါလဲရင် ရှစ်ခါထရမှာပေါ့။

ဒါပေမယ့် အခုချိန်ထိ ကျွန်တော့်ဘဝရဲ့ နောက်ဆုံးအန္တိမပန်းတိုင် ကတော့ စာရေးခြင်းအနုပညာပါပဲ။ ၂၀၀၂ ခုနှစ်တက္ကသိုလ်ဝင်တန်းတုန်းက တော့'နိုင်ငံကြီးသားပီသဖို့'ဆိုတဲ့စာအုပ်ကလေးကို ကိုယ့်ဘာသာ ထုတ်ဝေ ဖြစ်ခဲ့တယ်။ ခွက်ခွက်လန်အောင်ရှုံးတာပေါ့။ ဒီကြားထဲတော့ မဂ္ဂဇင်း၊ ဂျာနယ် တွေမှာ ဟိုနည်းနည်း၊ဒီနည်း နည်းရေးဖြစ်ခဲ့တယ်။ မှန်းထားသလောက် ဖြစ် မလာပေမယ့် ကျွန်တော်အရှုံးမပေးပါဘူး။ အခုလည်း လုံးချင်းဝတ္ထု တစ်အုပ်





ကို ထုတ်ဝေနိုင်ဖို့ကြိုးစားနေပါတယ်။

ပညာရေးကတော့ (NCC Education,UK)က ဖွင့်တဲ့ IADCS (International Advanced Diploma In Computer Studies) ဖြေဆိုပြီးပါပြီ။ အဲဒါအောင်လို့ နောက်တစ်နှစ်ဆက်တတ်ပြီးရင်တော့ BCIS ဘွဲ့ကို ရပါပြီ။ အဝေးသင်တက္ကသိုလ်မှာတော့ Law(Second Year) တက် နေပါတယ်။ ဥပဒေပညာဆိုတာ လုပ်ငန်းတိုင်းနဲ့ သက်ဆိုင်နေလို့ ကျွန်တော် က သိပ်ပွဲတွဲပေမယ့် Law ကိုပဲယူထားတာပါ။ ပြီးတော့ ဥပဒေနဲ့ စာပေဆို တာလည်း ကင်းကွာလို့ မရဘူးမဟုတ်လား။

ဒီဘက်ခေတ်မှာ လူငယ်တော်တော်များများဟာ ဝင်ငွေကောင်းကောင်း ရဖို့၊ အဆင့်အတန်းမြင့်မားဖို့ဆိုပြီး နိုင်ငံခြားကို ထွက်ဖြစ်ကြပါတယ်။ ပြီး တော့ သူတို့က ဟိုမှာနေလို့ နှစ်အနည်းငယ်အတွင်းမှာပဲ နိုင်ငံသား ခံယူခွင့် ရကြတဲ့အခါ တော်တော်များများက အဲဒီနိုင်ငံသား ခံယူကုန်ကြပါတယ်။ ဒါက လူ့စွမ်းအား အရင်းမြစ် (Human Resource) ယိုစီးမှုပဲဖြစ်ပါတယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေအဖို့ ဒီပြဿနာဟာ ဒီနေ့အချိန်မှာ တော် တော်ကြီးကြီးမားမား ရင်ဆိုင်နေရပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ အဲဒီနိုင်ငံအတွက် အားသွန်ခွန်စိုက်ရှေ့တန်းက တက် တက်ကြွကြွနဲ့အလုပ်လုပ်မယ့် လူငယ်တွေအများကြီးလိုအပ်ပါတယ်။ အထူး သဖြင့် ကျွန်တော်တို့လိုဖွံ့ဖြိုးဆဲနိုင်ငံ (Developing Countries)တွေမှာ

လူငယ်တွေအနေနဲ့ တစ်နေ့တစ်နေ့ သူတို့ယဉ်ကျေးမှုကိုပဲ အားကျ၊ ကိုယ့်ရေမြေသဘာဝနဲ့ မကိုက်ညီတဲ့ ကိုးရိုးကားရားဝတ်စုံတွေကိုဝတ်၊ အသံသေးအသံကြောင်အော်ပြီးရှိုးပွဲတွေသွား၊အပျော်ဘက်ချည်းလိုက်နေလို့မရ ပါဘူး။

ဒီနေ့ အာရှမှာ ဂျပန်လူမျိုးတွေဟာ ဒုတိယကမ္ဘာစစ်ဒဏ်က ရုန်းထွက်ပြီး အဘက်ဘက်မှာရှေ့တန်းရောက်နေတာကို အားကျအတုယူသင့်ပါတယ်။ သူတို့တတွေ ဒီကနေ့မှာဒီလိုအခြေအနေ ဖြစ်လာတာဟာလွယ်လွယ်နဲ့ ဖြစ်လာတာမဟုတ်ပါဘူး။ အပျော်ပါး ပွဲလမ်းတွေကိုလျှော့ကာ တစ်နေ့ကို ၁၂ နာရီလောက် အလုပ်လုပ်ပြီး ကြိုးစားလာကြရတာကို သတိချပ်သင့်ကြပါတယ်။ ပြီးတော့ သူတို့က နိုင်ငံအပေါ် တာဝန်သိစိတ်လည်း ပြင်းထန်ကြပါတယ်။ တခြားနိုင်ငံမှာ ဘယ်လောက်ပဲ လုပ်ခလစာများများ ကိုယ့်နိုင်ငံကို ပစ်ပယ်မသွားကြပါဘူး။ အမေကျော် ဒွေးတော်မလွမ်းကြပါဘူး။

အခုအချိန်မှာ ကျွန်တော်တို့လူငယ်တွေအနေနဲ့ အဘက်ဘက်က အရည်အချင်းပြည့်ဝနေအောင် အားထုတ်နေကြရပါမယ်။ အဲဒီလို အားထုတ်တဲ့နေရာမှာ မရောင်ရာဆီလူးဆိုသလို ကိုယ့်နိုင်ငံအတွက် ထိထိရောက်ရောက်အကျိုးမပြုတဲ့ တိုင်းတစ်ပါးဓလေ့ယဉ်ကျေးမှုတွေအပေါ်မှာပဲ စုပြုံအားထုတ်နေတာထက် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကလိုအပ်ချက်တွေဖြစ်တဲ့ နည်းပညာ၊ စက်မှုကဏ္ဍ၊စာပေစတဲ့ နယ်ပယ်တွေမှာ အားသွန်ခွန်စိုက်အားထုတ်ကြဖို့အထူးလိုအပ်တယ်လို့ ယူဆမိပါတယ်။





ကျွန်တော့်အနေနဲ့ ဒီနေ့ခေတ် လူငယ်တွေနားထောင်နေတဲ့ ဂီတတွေထက် နန်းတော်ရှေ့ဆရာတင်တို့၊ ဂီတနက်သန်ကို စောညိမ်းတို့ရဲ့ ဂီတကိုပိုပြီးလေးစား၊ ပိုပြီးနှစ်သက်ပါတယ်။ ဒါဟာ ရှေးရိုးစွဲဝါဒီဖြစ်လို့ခေတ်နောက်ပြန်ဆွဲနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ကမ္ဘာကိုထိုးဖောက်ဖို့ဆိုရင် ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်၊ နောက်ဆုံး ကိုယ်ပိုင်ဂီတတစ်ရပ်ကိုတောင် ဖန်တီးနိုင်ဖို့လိုအပ်တယ်လို့ ထင်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ သူများယဉ်ကျေးမှုနောက်ကိုပဲ စီးမျောနေမယ်ဆိုရင်တော့ သူများနောက်လိုက်ပဲ ဖြစ်နေပါလိမ့်မယ်။

ကျွန်တော့် အယူအဆ၊ ကျွန်တော့် ခံယူချက်တွေဟာ ဒီကနေ့ခေတ် အချို့လူငယ်များနဲ့ဆန့်ကျင်ကောင်း ဆန့်ကျင်နေပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ကျွန်တော်ဟာလည်း လူငယ်တွေထဲက လူငယ်တစ်ယောက်ပါပဲ။ ဒီတော့ ကျွန်တော့်မှာလည်း လွတ်လပ်စွာ ယုံကြည်နိုင်ခွင့်၊ မျှော်မှန်းနိုင်ခွင့်ရှိပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာလူငယ်တွေဟာ ပင်ကိုသဘာဝဗီဇအရ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်ထက်သန်ကြပါတယ်။ စိတ်ကူးဉာဏ်ကွန့်မြူးမှု၊ တီထွင်ဖန်တီးမှုတွေလည်းအားကောင်းကြပါတယ်။ အဲဒီစိတ်ဓာတ်တွေကို တလွဲနေရာတွေမှာ အသုံးမချဘဲ နေရာမှန်မှန်မှာ အသုံးချမယ်ဆိုရင် အနာဂတ်ကာလမှာ ကျွန်တော့်ယုံကြည်ချက်တွေ၊ ခံယူချက်တွေမှန်ကန်လာမှာ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဲဒီအချိန်ကို နန်းတော်ရှေ့ဆရာတင်ရဲ့ သီချင်းကလေးတွေကို နားထောင်ရင်းစောင့်နေချင်ပါရဲ့ဗျာ။



## International Business ဆိုတာ ဘာလဲ

စာရေးသူက အဲ့သလို ခေါင်းစဉ်တပ်လိုက်လို့ စာဖတ်သူတွေက အံ့မယ်ငါတို့ကိုများ အထင်သေးလို့၊ ဒီလောက်များသိပါတယ်လို့ တွေးမိကြမယ်ထင်ပါသည်။ အကယ်၍ ထိုသို့များတွေးမိခဲ့လျှင် အပြစ်တင်မစောကြပါနှင့်ဟု စာရေးသူက ဆိုချင်ပါသည်။ ယနေ့စာရေးသူတို့ တော်တော်များများသည် International Business, International Business လို့ ကျယ်ကျယ်လောင်လောင် အော်ဟစ်သုံးစွဲနေကြသော်လည်း တကယ့်တကယ် International Business ရဲ့ အကြောင်း၊ သူရဲ့ ဝိသေသလက္ခဏာ (Characteristics) များကို ပြောပြပါဆိုလျှင် အင်း. . အဲ ဖြစ်သွားကြသည်သာဖြစ်ပါသည်။ လက်တွေ့တွင်လည်း စာရေးသူတို့နိုင်ငံတွင် International Business ကို လုပ်ကိုင်နေသည့်စီးပွားရေးလုပ်ငန်း (Business Firms) များမှာ လွန်စွာနည်းပါးပြီး အများစုမှာ အမျိုးသားအဆင့် (Nati-

onal Level)၊ ဒေသအဆင့် (Regional level) Business များကိုသာ အားပြုလုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။

တကယ့်တကယ် လက်တွေ့တွင် International Business နှင့် National Business, Regional Business များ၏ သဘောသဘာဝမှာ များစွာကွာခြားပါသည်။ အထူးသဖြင့် တိုးတက်ထွန်းကားလာသော ယနေ့ ကမ္ဘာကြီးတွင်National Business Level ဖြင့်သာ မလုံလောက်တော့ပဲ International Business ကို ကမ္ဘာနှင့်အဝန်းတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာကြသည်။ အထူးသဖြင့် ဥရောပသမဂ္ဂ (EU),အရှေ့တောင် အာရှနိုင်ငံများအသင်း (ASEAN) စသည့် စီးပွားရေးကို အားပြု ဖွဲ့စည်းထား သည့် Trading blocs ကြီးများ ပေါ်ပေါက်လာခြင်း၊ ယခင်က ကုန်သွယ်မှုကို တင်းကျပ်စွာ ပိတ်ပင်တားမြစ်ခဲ့သည့် ကွန်မြူနစ်ဝါဒကျဆုံးသွားခြင်း၊ တရုတ်၊ အိန္ဒိယကဲ့သို့သော Big Market ကြီးများ ပေါ်ထွန်းလာခြင်း၊ ကမ္ဘာ့နိုင်ငံ အများအပြားမှ ယင်းတို့၏ ကုန်သွယ်မှု အတားအဆီးများကို လျှော့ချလာခြင်း၊ အင်တာနက် နည်းပညာ ပေါ်ထွက်လာခြင်း စသည်တို့မှာ International Business ထွန်းကားလာမှုအတွက် များစွာ သက်ရောက်မှုရှိခဲ့သည်။ အထူး သဖြင့် Global Behaviour ရှိသော Cosmopolitan Customer များက International Services များကို တောင်းဆိုလာကြရာမှ International Business တစ်စတစ်စ ကြီးထွားလာသည်။ ရန်ကုန်မြို့မှာနေပြီး ရန်ကုန်





မြို့သူမြို့သားတို့သည် ဥရောပအစားအစာ၊ အိန္ဒိယ အစားအစာ၊ တရုတ် အစားအစာ စသည့် International အစားအစာမျိုးစုံကို စားနိုင်ကြသည့် သဘောဖြစ်သည်။ တိုးတက်လာသည့် ဆက်သွယ်မှု နည်းပညာများကြောင့် ကမ္ဘာ့နောက်ခြမ်းက ဟမ်ဘာဂါကို ကမ္ဘာ့ရှေ့ခြမ်းက အလွယ်တကူ မှာယူ စားသောက်နိုင်လာသလို Co Ca Cola, Nokia စသည့် Global Brands များကလည်း International Business နှင့်အတူ အမြောက်အများ ပေါ် ပေါက်လာကြသည်။

ဒါဆိုရင် International Business နှင့် ကျွန်တော်တို့ ပြည်တွင်းမှာ လုပ်နေတဲ့ Domestic Business ဘာတွေများ ကွာခြားပါသလဲ။ အခြေခံ တူညီချက် Basic Similarities တွေရှိသလို ကွာခြားချက် Differences တွေလည်း များစွာရှိပါသည်။ အခြေခံတူညီချက်များမှာ-

(က) စီးပွားရေးဆိုင်ရာ မဟာဗျူဟာသုံးစွဲမှု

(The centrality of the business strategy concept)

(ခ) စီမံအုပ်ချုပ်မှုလုပ်ငန်းများ

(Management processes)

(ဂ) စီမံခန့်ခွဲမှု နည်းနာများ

(Management tools and techniques)

(ဃ) အဓိက ဆုံးဖြတ်ချက်ချခြင်းနှင့် စီမံကိန်းများ

(Key decision areas/planning Frameworks)

ကွာခြားချက်များမှာ-

(၁) ပတ်ဝန်းကျင်မတူညီမှု၊ ယဉ်ကျေးမှုကွဲပြားမှု၊ ဘာသာ စကားခြားနားမှုများ

(Difference environment, Culture and language)

(၂) အမျိုးမျိုးသော ဖောက်သည်များ

(Various Customers)

(၃) စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်နှင့် အာရုံစိုက်မှုများ

(Business information and forecasting)

(၄) ယှဉ်ပြိုင်မှုနယ်ပယ်

(Competition Range)

(၅) မတည်ငြိမ်သော ပတ်ဝန်းကျင်နှင့် သက်ရောက်မှုများ

(Environmental turbulence)

စသည်ဖြင့် ရှိကြပါတယ်။ ဒါ့အပြင် Howard Perlmutter ဆိုတဲ့ ပညာရှင်ကလည်း (International Business) အာရုံစိုက်မှု (Orientations) တွေနဲ့ ပတ်သက်ပြီး ဟောဒီဇယားလေးကို ပြုစုခဲ့ပါတယ်။





| ***Orientation*** (အာရုံစိုက်မှု) | ***Focus*** (ဈေးကွက်ဦးတည်မှု) |
|---|---|
| Ethnocentric | Home/DomesticCountry (ဒေသတွင်း)ဥပမာ-ရန်ကုန်၊မန္တလေး |
| Polycentric | Host Country(တစ်နိုင်ငံလုံး) |
| Regiocentric | Regional Market (ဒေသဆိုင်ရာ ဈေးကွက်) ဥပမာ- အာဆီယံ၊ အီးယူ |
| Geocentric | World/global(တစ်ကမ္ဘာလုံး) |

ပုံ-၁ ကို ခြေခံပြီး International Business ရဲ့ ပြောင်းလဲမှုအဆင့်ဆင့်ကို (ပုံ-၂) မှာ ထပ်ပြီး လေ့လာနိုင်ပါသည်။ (ပုံ-၂) အရဆိုလျှင် စာရေးသူတို့နိုင်ငံတွင် Business အများစုမှာ နံပါတ် 1. Domestic Level နှင့် နံပါတ် 2. Export Selling အဆင့်တွင်သာ အများဆုံးရှိကြပြီး နံပါတ် 3. International level ဆိုတာတောင် မရှိသလောက် နည်းပါးလှသည်။ အထူး သဖြင့် Global အသုံးလုံးဖြစ်သည့် Internet, English နှင့် IT တို့ကို ကောင်းစွာလေ့လာပြီး အကျိုးရှိစွာ အသုံးချ (Efficient Play) လုပ်နိုင်

ရေးအတွက် အခြေခံကစားကွင်း (Play Ground) ဖြစ်သည့် International Level နှင့် Global Level Business များ နိုင်ငံအတွင်းတွင် များစွာ ဖွံ့ဖြိုးလာဖို့ လိုပါသည်။

စာရေးသူတို့မြန်မာလူမျိုးများမှာ ပင်ကို ဗီဇခံအရ နိုင်ငံတကာ စီးပွားရေး (International Business) အပေါ် စိတ်ဝင်စားမှုနည်းပါးသည်။ အများစုမှာ တစ်နိုင်တစ်ပိုင် ဒေသတွင်း စီးပွားရေး (Regional Business)များဖြင့်သာ ရောင့်ရဲတင်းတိမ်နေကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာ (National Business) လုပ်သည့် လုပ်ငန်းအရေအတွက်တောင် အတော့်ကိုနည်းပါးပါသည်။

ဥပမာ- အိန္ဒိယလူမျိုးများ၏အစားအစာ တိုရှည်တို့၊ ချပါတီတို့မှာ ယနေ့ ကမ္ဘာအနှံ့ကို ပျံ့နှံ့နေပြီး အင်္ဂလန်က လူတစ်ယောက်က အိန္ဒိယက ချပါတီကို စားချင်သည်ဟုဆိုလျှင် နာရီပိုင်းအတွင်း မှာယူစားသောက်လို့ ရနိုင်သည်။

ယနေ့ စာရေးသူတို့ မြန်မာရိုးရာမုန့်တွေဖြစ်သည့် ခေါက်မုန့်တို့၊ မုန့်စိမ်းပေါင်းတို့မှာ ဘယ်နိုင်ငံတွေကို ရောက်ပါသနည်း။ အနည်းဆုံး မြန်မာလူမျိုးတွေ အများဆုံး သွားရောက်ကြသည့် စင်္ကာပူလို နိုင်ငံမျိုးမှာတောင် 'ခေါက်မုန့်'တို့၊ 'မုန့်စိမ်းပေါင်း' တို့ကို နိုင်ငံခြားသားတွေကို ရောင်းချနိုင်ပါသလော။ ဤသည်ကပင် စာရေးသူတို့ မြန်မာ Business အများစုသည်





International Business မဖြစ်ရခြင်း၏ အဓိက အကြောင်းအရင်း ဖြစ်သည်။

| ဈေးကွက်အဆင့် | International ပါဝင်မှု level | International Business ကို အကောင်အထည်ဖော်သည့် နည်းလမ်း |
|---|---|---|
| ပြည်တွင်း (Domestic) | မရှိ | မရှိ |
| ပြည်ပပို့ကုန် လုပ်ငန်း (Export Selling | သူတို့ဆီကလိုတာကို တင်ပို့ရ၍ level အနည်းငယ်ပါဝင်။ သို့သော် ကိုယ်တိုင် Business တည်ထောင်၍ လုပ်ခြင်းမဟုတ်။ ကုန်ရောင်း၊ ကုန်ဝယ်သာ။ | မရှိ |

| | | |
|---|---|---|
| နိုင်ငံတကာ (International) | Active Involovement level ဖြစ်လာ | ကိုယ့်စီးပွားရေးအတွက် long term Plan များချမှတ် အကောင်အထည်ဖော် မဟာဗျူဟာ၊ နည်းဗျူဟာ၊ နည်းလမ်းများ ချမှတ်ဆောင်ရွက်။ |
| (Global) တစ်ကမ္ဘာလုံး | Deeply Involvement level ဖြစ်လာ။ | တစ်ကမ္ဘာ့လုံးကို ကိုယ့်ဈေးကွက် Market အဖြစ် သတ်မှတ်ဆောင်ရွက်ကမ္ဘာလုံး အနှံ့ ရုံးခွဲများတည်ထောင်။ ဥပမာ-SONY, Microsoft |

အထူးသဖြင့် လာမည့် ၂၀၁၅ ခုနှစ်တွင် စာရေးသူတို့ နိုင်ငံအနေဖြင့် အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုဇုန် (ASEAN Free Trade Market) သို့ မဖြစ်မနေ ဝင်ရောက်ကြရမည် ဖြစ်သည်။ ယင်း Free Trade Market ၏အဓိက ထူးခြားချက်မှာ No Taxation (အကောက်ခွန်မဲ့) စနစ်ဖြစ်သည်။ ယင်းကဲ့သို့သော Tax 0% ဖြစ်သွားပါက စာရေးသူတို့ နိုင်ငံအတွင်းသို့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်း International Firm များ မလွဲမသွေ ဝင်ရောက်လာကြမည် ဖြစ်သည်။





ထိုသို့ ဝင်ရောက်လာကြတဲ့အခါ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် International Business Knowledgeများ ကင်းမဲ့နေပါက ယင်းတို့နှင့်ယှဉ်ပြိုင်၍ ရေရှည်ရပ်တည်ယှဉ်ပြိုင်နိုင်ရန် မဖြစ်နိုင်ပေ။ ဒါကြောင့်မို့ စာရေးသူတို့ အနေဖြင့် ယခုအချိန်ကတည်းက မိမိတို့ရဲ့ Family Business, Regional Business, National Business များကို International Business များဖြစ်အောင် တစ်စတစ်စ အသွင်ပြောင်းလဲသွားကြဖို့ လိုအပ်သလို၊ တစ်ဘက်မှာလည်း International Business များ အောင်မြင်စွာ လည်ပတ်လုပ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံ Infrastructure များကို ပြင်ဆင်တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် Global Age ၏ ‘အသုံးလုံး’ ဖြစ်သည့် Internet, English နှင့် IT တို့မှာ International Business လုပ်ငန်းများ အောင်မြင်စွာ လုပ်ဆောင်နိုင်ရေးအတွက် များစွာအရေးပါကြောင်း ထပ်လောင်း တင်ပြလိုက်ရပါသည်။

**See you at the top.**

# ကမ္ဘာကြီး နေကောင်းပြီလား (သို့မဟုတ်) ဗုဒ္ဓဓမ္မကို သုတေသနပြုမိခြင်း

'ယော သဟဿံ သဟဿေန၊
သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျမတ္တာနံ၊
သ ဝေ သင်္ဂါမ ဇုတ္တမော။'

(ဓမ္မပဒ-၁၀၃)

'စစ်မြေပြင်၌ ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်သော သူရဲကောင်းသည် ရှိ၏။ ထိုသူရဲကောင်းသည် အမြတ်ဆုံး သူရဲကောင်းမဟုတ်၊ တစ်ယောက်တည်းသော မိမိကိုယ်ကိုယ်မိမိက အောင်နိုင်သူသည်သာလျှင် အမြတ်ဆုံး သူရဲကောင်း ဖြစ်၏။'





ဒီနှစ်သင်္ကြန်တော့ သူငယ်ချင်းတွေနဲ့လည်း ရန်ကုန်မှာ မလည်ဖြစ်၊ ခရီးလည်းမသွားဖြစ်ဘဲ ထူးထူးခြားခြား ဒုလ္လဘရဟန်းဝတ်ပြီး သင်္ကြန်တွင်း ဆယ်ရက်တရားစခန်း ဝင်ဖြစ်ခဲ့ပါတယ်။ ဗုဒ္ဓရဲ့တရားတော်တွေကိုလည်း လက်တွေ့ကျကျ သုတေသနလုပ်ရင်းပေါ့။ ယနေ့ကမ္ဘာပေါ်မှာ CNN,BBC စတဲ့ သတင်းဌာနကြီးတွေဟာ ပါလက်စတိုင်း၊ အီရတ်စတဲ့ စစ်ဖြစ်ပွားနေတဲ့ သတင်းတန်ဖိုးကြီးတဲ့ ဒေသတွေမှာ သတင်းထောက်တွေကို အခကြေးငွေများစွာပေးပြီး သတင်းရယူလေ့ရှိပါတယ်။ ဒီတော့ ကျွန်တော်လည်း ဖူးငုံ ပရိသတ်တွေအတွက် အလွန်တရာ သတင်းတန်ဖိုးကြီးရုံမက၊ သံသရာအတွက်ပါ အကျိုးများစေတဲ့ သာသနာ့နယ်မြေက သာသနာ့သတင်းတွေကို သုတေသနပြု ဖောက်သည်ချလိုက်ပါတယ်။

ပထမဆုံး ကျွန်တော်ပြောချင်တာက ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း အပေါ် ကျွန်တော်တို့လူငယ်တွေ တော်တော်များများ အမြင်မှားနေတဲ့ ကိစ္စပါ။ လူငယ်တော်တော်များများက ကမ္မဋ္ဌာန်းတရား အားထုတ်တယ်ဆိုတာ ခန္ဓာရဲ့အပျက်တွေကို ရှုတာပဲ။ ဒီတော့ ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်ရင် အပျက်တွေရှေးရှု စိတ်ဓါတ်တွေကျပြီး လောကီရေးရာ လူမှုကိစ္စတွေ ဆောင်ရွက်တဲ့နေရာမှာ မအောင်မြင်နိုင်တော့ဘူးလို့ ယူဆနေကြတာပါပဲ။

ဒါဟာ အလွန်မှားယွင်းတဲ့ အယူအဆပါ။ တကယ်တော့ လောကမှာရှိနေတဲ့ အရာဝတ္ထု၊ သက်ရှိသက်မဲ့တွေဟာ ကြောင်းကျိုးဆက်စပ်မှု သဘာဝ

နိယာမ (Law of Cause and effect)အရ ဖြစ်ပျက်နေကြတာပါ။ ဒီလိုဖြစ်ပျက်နေတဲ့ သဘာဝကို ဗုဒ္ဓကအရှိကိုအရှိအတိုင်း သဘာဝကျကျ ရှုကြည့်မြင်ကြည့်ခိုင်းတာပါ။ ဒါကိုပဲ ကျွန်တော်တို့က ကမ္မဋ္ဌာန်းထိုင်တယ်။ ဝိပဿနာပွားတယ် စသည့်ဖြင့် ခေါ်နေကြတာပါ။

ဥပမာ- ထိုင်ရင် ထိုင်တယ်၊ ရပ်ရင် ရပ်တယ်၊ စားရင် စားတယ်၊ ပူရင် ပူတယ်၊ နာရင် နာတယ် စသည့်ဖြင့် အရှိကို အရှိတိုင်း၊ သဘာဝကို သဘာဝ အတိုင်း လေ့လာခိုင်းတာပါပဲ။ အပျက်တွေ၊ ဒုက္ခတွေကိုချည်း ရွေးထုတ် လေ့လာခိုင်းထားတာ မဟုတ်ဘူး။ အဖြစ်တွေ၊ သုခတွေကိုလည်း အများကြီး လေ့လာခိုင်းထားပါတယ်။

ဒီတော့ ကမ္မဋ္ဌာန်းတရား၊ ဝိပဿနာတရားပွားတယ်ဆိုတာ သက်ရှိ သက်မဲ့တွေရဲ့ သဘာဝကို သဘာဝကျကျ ရှုမြင်ကြတာဖြစ်လို့ လူသားရဲ့ အသိဉာဏ်ကိုလည်း ရင့်သန်လာစေပါတယ်။ ပြီးတော့ ရုပ်ဝတ္ထု၊ ပစ္စည်းဥစ္စာ တွေရဲ့ ဖြစ်မှုပျက်မှုတွေကိုလည်း ရှင်းရှင်းလင်းလင်း သိမြင်လာတဲ့အတွက် ဒီရုပ်ဝတ္ထုတွေပေါ်မှာ တည်မှီပြီး ခံစားလာရတဲ့ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း စတဲ့ လောကဓံတရားများနဲ့ ကြုံတွေ့လာရတဲ့အခါမှာလည်း တုန်လှုပ်မှုနည်း နည်းနဲ့ ခံနိုင်ရည်ရှိလာကြမှာဖြစ်ပါတယ်။

နောက်ပြီး တရားရဲ့သဘောကိုက နည်းနည်းနားလည်လာတာနဲ့အမျှ များများအကျိုးပေးတာကိုလည်း လက်တွေ့ သိမြင်ကြရမှာဖြစ်ပါတယ်။





အပျက်ကို နားလည်လာသူတစ်ယောက်အဖို့ အဖြစ်တရားတွေက စုပြုံ အကျိုး ပေးလာသလိုပါပဲ။ ဒါကို ယနေ့ခေတ်တရားကို သိမြင်သောဆရာတော်ကြီး များမှာ လာဘ်သပ်ပကာတွေ မလိုချင်အဆုံးစုပြုံလာတာကိုကြည့်ရင် သိသာ နိုင်ပါတယ်။ ဒါကိုကြည့်ရင် လူငယ်တွေ ယူဆနေကြတဲ့ တရားကိုလိုက်ရင် လောကီရေးရာတွေမှာ အောက်ကျနောက်ကျဖြစ်မယ်ဆိုတာဟာ လုံးဝမှား ယွင်းနေတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဗုဒ္ဓသမိုင်းမှာလည်း အနာထပိဏ် သူဌေးကြီးတို့၊ ဝိသာခါ ကျောင်းအစ်မကြီးတို့ဟာ လောကီစည်းစိမ်၊ ဇနီး မယား၊ သားသမီး၊ မြေးမြစ်တွေကြားမှာပဲ ဗုဒ္ဓရဲ့တရားတော်ကို အဆင့်တစ်ခု ရောက်အောင် အောင်အောင်မြင်မြင် အားထုတ်သွားနိုင်ကြတာကလည်း အထင်ရှားပါပဲ။

နောက် ကမ္မဋ္ဌာန်းတရားရှုပွားလို့ရတဲ့ လက်ငင်းကောင်းကျိုးကတော့ စိတ်ငြိမ်းချမ်းမှုပါပဲ။ ထိုခဏကလေးမှာ သမာဓိ တည်ကြည်လို့ရှိရင် မိမိစိတ် ကလေးဟာ ပေ့ါပါးလန်းဆန်းလို့ အလွန်ကိုနေလို့ကောင်းပါတယ်။ အကယ် ၍ သမာဓိမရခဲ့ရင်လည်း ငြိမ်ငြိမ်ကလေးထိုင်၊ မိမိစိတ်တွေဟိုရောက် ဒီ ရောက်ဖြစ်နေတာကို ရှုကြည့်ရတာဟာလည်း အလွန်ကို အရသာရှိပါတယ်။ ရုပ်ရှင်တွေ ကြည့်သလိုပေ့ါ။ စိတ်ကူးထဲကဇာတ်ဆောင်မိမိဟာ ဘယ်တွေသွား၊ ဘာတွေလုပ်နေလဲဆိုတာ စောင့်ကြည့်ရင်း မိမိရဲ့အားသာချက်၊ မိမိရဲ့အတွင်း မသိစိတ်တို့ကို ပိုမိုနားလည်လာကြမှာဖြစ်ပါတယ်။

တချို့က ပြောကြတယ်၊ သမာဓိ မထူထောင်နိုင်ဘဲနဲ့ စိတ်တွေ ဟိုရောက် ဒီရောက်နဲ့ တရားထိုင်နေရင်အလကားပဲ။ ဘာကုသိုလ်မှမရနိုင်ဘူးတဲ့။ ကျွန်တော်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ဆရာတော်ကြီးတွေကို မေးလျှောက်ကြည့်တဲ့အခါမှာ ဆရာတော်ကြီးတွေက 'မဟုတ်ဘူး ဒကာလေး၊ တရားထိုင်တဲ့သူဟာ သမာဓိမရဘဲ စိတ်တွေ ဟိုရောက်ဒီရောက် ဖြစ်နေပေမယ့်လည်း သူရဲ့စိတ်သန္တာန်မှာ တရားအားထုတ်နေတယ်ဆိုတဲ့ ကုသိုလ်စိတ်ကလေးကြောင့် အဘိဓမ္မာသဘောအရ ကမ္မဝါစရ (လောကီချမ်းသာကို အကျိုးပေးသောကုသိုလ်)ကုသိုလ်ရနေပါတယ်။ ဝိပဿနာတရားထူး မဂ်ဉာဏ် ဖိုလ်ဉာဏ်မရပေမယ့် ဒီကမ္မဝါစရကုသိုလ်ရနေလို့ အချည်းနှီးမဖြစ်ပါဘူး'လို့ မိန့်ကြားကြပါတယ်။ ဒီတော့မှ ကျွန်တော်လည်း ယုံယုံကြည်ကြည်နဲ့ တရားထိုင်ရတာ ပိုပြီးအားတက်လာပါတယ်။

ကျွန်တော်တို့မြန်မာတွေက ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုပြီး ယေဘုယျအားဖြင့် အရွယ်သုံးပါး ပိုင်းခြားထားလေ့ရှိပါတယ်။ ဒီတော့ ကျွန်တော်တို့လူငယ်တွေ တော်တော်များများကလည်း ငယ်တုန်းရွယ်တုန်းမှာ တရားအားမထုတ်ကောင်းဘူးလို့ အထင်မှားနေကြပါတယ်။

တကယ်တော့ သင်္ခါရတရားဆိုတာ ဘယ်သူမှ ထိန်းချုပ်လို့ရတဲ့ အရာမဟုတ်ပါဘူး။ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ တဒင်္ဂလေး





အတွင်းမှာပဲ ကြီးငယ်မရွေး သေနိုင်ပါတယ်။ သေလည်း သေနေကြပါတယ်။ ဒီတော့ ငယ်သေးလို့ တရားမလုပ်ဘူးဆိုရင် ငယ်တုန်းသေသွားလို့ကတော့ အလွန်ပဲ နှမြောစရာကောင်းလှပါတယ်။ ဗုဒ္ဓကလည်း အရွယ်သုံးပါးမှာ သန်မာတုန်း၊ ဖျတ်လတ်ကျန်းမာတုန်း၊ သွေးသားအကောင်းဆုံး ပထမအရွယ်နဲ့ ဒုတိယအရွယ်မှာ တရားအားထုတ်လို့ အသင့်လျော်ဆုံးလို့ အတိအလင်း ဟောကြားထားပါတယ်။ ဗုဒ္ဓခေတ်ကလည်း အသက်ခုနစ်နှစ်နဲ့ ရဟန္တာဖြစ်သွားတဲ့ 'ရှင်ရေဝတ'လို သက်သေသာဓကေများစွာရှိပါတယ်။

ဒီကနေ့ ကမ္ဘာကြီးဟာ သိပ္ပံပညာတွေ အလွန်တရာ တိုးတတ်ထွန်းကားပြီး အရာရာကို စက်တွေ၊ ကွန်ပျူတာတွေနဲ့ ထိန်းချုပ်ကွပ်ကဲလို့ရနေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ကမ္ဘာကြီးငြိမ်းချမ်းသေးပါသလား၊ ခေတ်စကားနဲ့ ပြောရရင် 'ဝေးသေး. . . ဝေး သေး'လို့ဆိုရပါမယ်။ ဒါဆိုရင် ဘာအကြောင်းကြောင့်ပါလဲ။'

အဖြေက ရှင်းပါတယ်။ ကျွန်တော်တို့ လူသားတွေရဲ့ 'စိတ်'ကို မထိန်းချုပ်နိုင်ကြသေးလို့ ဖြစ်ပါတယ်။ လူလူချင်းသတ်ဖြတ်ချင်တဲ့ စိတ်ဓာတ်တွေ၊ လူသားအချင်းချင်း အားကြီးသူက အနိုင့်ထက်ပြုချင်တဲ့ စိတ်ဓာတ်တွေ၊ လူလူချင်း မတရား အမြတ်ထုတ်ချင်တဲ့ စိတ်ဓာတ်တွေကို မထိန်းချုပ်နိုင်ကြသေးလို့ ဖြစ်ပါတယ်။

ယနေ့ အဲဒီလို 'စိတ်'တွေကို ထိန်းချုပ်နိုင်မယ့် နည်းလမ်းကောင်းတွေကို

ဗုဒ္ဓရဲ့တရားတော်တွေထဲမှာ တွေ့နေကြရပြီဖြစ်ပါတယ်။ အကယ်၍ လွန်ခဲ့တဲ့ နှစ်ပေါင်း၂၅၀၀ ကျော်ကတည်းက ဂေါတမဗုဒ္ဓ မျှော်မှန်းထားခဲ့တဲ့အတိုင်း လူသားအချင်းချင်း မေတ္တာရေစင်ပွား၊ ကရုဏာထားနိုင်ကြမယ်၊ မုဒိတာပွား နိုင်ကြမယ်ဆိုပါက ကျွန်တော်တို့ရဲ့ ဖျားနေတဲ့ကမ္ဘာကြီး အမြန်ပြန်ပြီး နေကောင်းလာနိုင်မှာ ဖြစ်ပါတယ်။

လင်းသိုက်ညွန့်(မြန်မာ့မြေ)



# Writer's Fan Club Member Life(2)

| စဉ် | အမည် | ပညာရည်အချင်း | နေရပ်လိပ်စာ |
|---|---|---|---|
| ၃၅။ | မောင်အောင်ချမ်းမြေ့ | တက္ကသိုလ်ဝင်တန်းအောင် | ၁၁လမ်း၊ A.Block, 6/10/ ယုဇနဥယျာဉ်မြို့တော်၊ အုံဆိပ်ကမ်းမြို့၊ ရန်ကုန်မြို့။ |
| ၃၆။ | မြတ်သူရထွန်း | B.Sc(FC) | ရေစင် (၆)လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။ |
| ၃၇။ | မဝတ်ရည်ထူး | ပထမနှစ်အင်္ဂလိပ်စာ | မြို့သစ်(၂)ရပ်ကွက်၊ ၁၄ လမ်း၊ သီရိသုခတိုက်၊ မိတ္ထီလာမြို့။ |
| ၃၈။ | ကိုတင့်လွင်စိုး | A.G.T.I(Civil) | မြို့မတောင်ရပ်၊ ကျောက်ပန်းတောင်း။ |
| ၃၉။ | မစိမ့်စမ်းရေ | 1st Year(Civil) | ၇၉၊ ပန်းဘဲတန်းရပ်ကွက်၊ ဘုရင့်နောင်ဗိုဒီယိုရုံ၊ စစ်ကိုင်းမြို့။ |
| ၄၀။ | ဦးသုမင်္ဂလ | ဓမ္မာစရိယ | သရက်ကုန်းကျောင်း၊ စိတ္တသုခလမ်း၊ ၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ၊ |
| ၄၁။ | မခင်နီလာကို | တက္ကသိုလ်ဝင်တန်း | အမှတ်(၁၅၄)၊ ပုလဲမြို့သစ်။ |
| ၄၂။ | ကိုထွန်းလင်း | တက္ကသိုလ်ဝင်တန်း | ၃၀(A)၊ သုမနလမ်း၊ ၃-ရန်ပြေရပ်ကွက်၊ သာကေတ။ |
| ၄၃။ | မောင်ပြည့်ဖြိုးကျော် | Third Yerar B.Econ | ၅၉၀၊ သုမင်္ဂလာ (၅)ရပ်ကွက်၊ တောင်ဥက္ကလာ။ |
| ၄၄။ | မောင်မျိုးလွင် | B.Sc(Geo) | ၃၄/၅၊ မင်္ဂလာဥယျာဉ်၊ ကလေးမြို့။ |
| ၄၅။ | မဖြူဖြူအေး | BA(History) | ၁၆၉(B)၊ ပထမထပ်၊ ၄၈လမ်း(ထက်)၊ ဗိုလ်တထောင် |

(ကျန်ရှိနေသေးသော Member များစာရင်းကို ဆက်လက်ထုတ်ဝေမည့်စာအုပ်များတွင် ဖော်ပြသွားမည်။)




**မြန်မာတွေအောင်မြင်ဖို့**

အမှတ်(၁)အား တခဲနက် အားပေးခဲ့သော စာဖတ်ပရိသတ်များအတွက်

လင်းသိုက်ညွန့်(မြန်မာ့မြေ)၏

**မြန်မာတွေအောင်မြင်ဖို့** အမှတ်(၂)

**မြန်မာတွေအောင်မြင်ဖို့** အမှတ်(၃)

**မြန်မာတွေအောင်မြင်ဖို့** အမှတ်(၄) .........

ဆက်တိုက်ထွက်ရှိပါမည်။